ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက် သောကြာနေ့။ Friday, 10 April 2026 ၁၂၁၄၈

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

## ပြည်ထောင်စုဝန်ကြီး ၃၀ ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ

**နေပြည်တော် ဧပြီ ၉**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အတည်ပြု**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၅၈၅ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆




တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

## ယနေ့ ဖတ်စရာ

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့**
စာမျက်နှာ » ၃

**နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ တက်ရောက်မည့် ပြည်ပအစိုးရကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ**
စာမျက်နှာ » ၅

**ရောဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင် သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ**
စာမျက်နှာ » ၁၂

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမှုကို တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၉**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစည်းအဝေးကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးကျင်းပပုံများကို MRTV Parliament Channel နှင့် MRTV Farmers Channel တို့မှ ပုံမှန်ထုတ်လွှင့်မှုအပြင် MRTV HD နှင့် MWD – HD၊ MWD Variety – HD တို့မှလည်း တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

# နိုင်ငံတော်ပြန်လည်ထူထောင်ရေး ထက်သန်စွာဆောင်ရွက်မှုဂုဏ်ပြု

တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့် အရေးပေါ်ကာလသတ်မှတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်ကို ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်ကို စတင်တာဝန်ယူချိန်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါပြင်းထန်နေချိန်ဖြစ်၍ ပြည်သူများ ရောဂါကူးစက်မှုမှ ကာကွယ်ရေးနှင့် ကုသရေးတို့ကို တပ်မတော်သားများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းလက်တွဲ ဆောင်ရွက်ခဲ့သောကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးစွာဖြင့် ကပ်ရောဂါဆိုးကြီးကို ကျော်လွှားနိုင်ခဲ့သည်။

ထို့နောက် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့၌ အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း လူအသေအပျောက်များခဲ့ပြီး ရုံးအဆောက်အအုံများ၊ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့်သာသနိကအဆောက်အအုံတို့ များစွာထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည်။ မုန်တိုင်းတိုက်ခတ်ပြီးနောက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရခိုင်ပြည်နယ်သို့ သွားရောက်ပြီး ထိခိုက်ဒဏ်ရာရသူများကို အားပေးနှစ်သိမ့်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခြင်းတို့ကို အလျင်အမြန်စီမံဆောင်ရွက်ပေးခဲ့သည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဒုက္ခရောက်ကြရသည့် ဒေသခံပြည်သူများအား အစိုးရနှင့် တပ်မတော်ပူးပေါင်းပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ပေးကာ မူလအခြေအနေထက်သာလွန်ကောင်းမွန်အောင် အလေးထားဆောင်ရွက်ပေးခဲ့သည်။

ထပ်မံ၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် တောင်တရုတ်ပင်လယ်မှစတင်ခဲ့သည့် စူပါတိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် နေပြည်တော်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နှစ်ပေါင်း ၇၀ အတွင်း အကြီးမားဆုံး မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့်အတူ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်ခဲ့ကြသည်။ အလားတူ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အလွန်အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းဒေသတို့၌ လူသေဆုံးမှုများနှင့် အဆောက်အအုံထိခိုက်ပျက်စီးမှုများကို ကယ်ဆယ်ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်သားများနှင့် ပြည်သူတို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဧပြီလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သဘာဝဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ချီးမြှင့်ခြင်းအခမ်းအနားတွင် "ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြုံလာတိုင်း၌ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ တစ်သားတည်း ပူးပေါင်းဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်း ထပ်မံပြောကြားလိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်အောင် ကြီးကြပ်ကွပ်ကဲ စီမံပေးခဲ့ကြသည့် တပ်မတော်အရာရှိကြီးများကိုလည်း လေးစားစွာ မှတ်တမ်းတင်ဂုဏ်ပြုကြောင်း၊ အနာဂတ်ကာလတွင်လည်း နိုင်ငံအတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးကို ထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန်၊ "ပြည်သူသာအမိ ပြည်သူသာအဖ"ဟူသည့် ခံယူချက်နှင့် ပြည်သူတွေအပေါ် အလုပ်အကျွေးပြုသွားကြရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ကျရာကဏ္ဍမှ အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန်" ပြောကြားခဲ့သည်။

အစိုးရ၊ ဌာနဆိုင်ရာများနှင့်အတူ တပ်မတော်သားများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အင်အားကြီးမားသောစွမ်းအားများကို ရရှိခဲ့သည်။ ထို့ကြောင့် အချိန်တိုကာလအတွင်း၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်နှင့် လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်အနေဖြင့် လေယာဉ်၊ စစ်ရေယာဉ်များကို အင်တိုက်အားတိုက်အသုံးပြုပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် မုန်တိုင်းဒဏ်ခံရသည့် ရခိုင်ပြည်သူများ စားဝတ်နေရေးအဆင်ပြေပြီး အမိုးအကာအောက်သို့ လျင်မြန်စွာရောက်ရှိခဲ့သည်။ တာဝန်ပေးခဲ့သည့် တပ်မတော်အရာရှိကြီးများအနေဖြင့်လည်း ဆင်းရဲဒုက္ခကြားတွင် သတ်မှတ်ဒေသအလိုက် သွားရောက်နေထိုင်ပြီး ဒေသအကျိုးကို ဆောင်ရွက်ပေးခဲ့ကြသည်။ အလားတူ ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့်အတူ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်ကာလများအတွင်း အချိန်တိုအတွင်း၌ စိတ်စေတနာထက်သန်စွာဖြင့် စွန့်လွှတ်စွန့်စား ပါဝင်ဆောင်ရွက်ခဲ့ကြသူအားလုံးအား လေးစားဂုဏ်ပြုချီးမြှင့်မှုကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြရမည်ဖြစ်သည်။ အရေးကြုံလာတိုင်း "ပြည်သူသာအမိ ပြည်သူသာအဖ" ခံယူချက်ဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ပြည်သူများနှင့်လက်တွဲ၍ ကျရာကဏ္ဍမှ ထိထိရောက်ရောက် အင်တိုက်အားတိုက် ထာဝစဉ် သယ်ပိုးထမ်းဆောင်မှုများကို ထပ်လောင်းဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ်(၁၂)ရက်နေ့မှ ကဆုန်လဆန်း(၁)ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-
- (က) မူးယစ်သောက်စားယာဉ်မမောင်းရ။
- (ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။
- (ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (ည) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ဘေးတွဲ ဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။
- (ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွမီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ၉ - ၄ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၅၀၀ | ၁၂,၅၀၀ | ၁,၀၆၈ | ၁၃,၄၂၅,၀၀၀ |
| MTSH | ၆,၂၀၀ | ၆,၂၀၀ | ၆,၁၀၇ | ၃၇,၈၆၃,၄၀၀ |
| MCB | ၉,၅၀၀ | ၉,၅၀၀ | ၁၀၀ | ၉၅၀,၀၀၀ |
| FPB | ၄,၂၀၀ | ၄,၂၀၀ | ၂,၈၄၁ | ၁၁,၉၃၂,၂၀၀ |
| TMH | ၃,၂၅၀ | ၃,၂၀၀ | ၇ | ၂၂,၇၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၂,၈၆၇ | ၅,၃၀၄,၉၅၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၁၁ | ၄၃,၄၅၀ |
| MAEX | ၃,၈၅၀ | ၃,၉၀၀ | ၂,၁၆၄ | ၈,၃၅၁,၇၀၀ |
| MADPL(PLB) | ၃,၃၅၀ | ၃,၃၅၀ | ၁,၅၅၁ | ၅,၁၉၅,၈၅၀ |
| ASPGB(PLB) | ၃၉,၀၀၀ | ၃၉,၀၀၀ | ၁၃၂ | ၅,၁၄၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေးဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေး ရှွိုင်းဂူထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

**အဆွေတော် မစ္စတာ မင်းအောင်လှိုင်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ အရည်အချင်းပြည့်ဝလှသည့် ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် စည်းလုံးမှုအားကောင်း၍ ဖွံ့ဖြိုးတိုးတက်ကာ စီးပွားရေးမြင့်တက်လာမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့် မိမိတို့အကြား တွေ့ဆုံဆွေးနွေးမှုများကို ကောင်းစွာအမှတ်ရလျက်ရှိပြီး အဆွေတော် နှင့် ပုဂ္ဂိုလ်ရေး ထိတွေ့ဆက်ဆံခွင့်ရရှိသည့်အတွက် စိတ်ရင်းဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

အဆွေတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်၍ တိုးတက်ကောင်းမွန်လာစေရန်အတွက် ခိုင်မာသော အုတ်မြစ်တစ်ခုဖြစ်သည်ဟု မိမိယုံကြည် ပါသည်။ နှစ်နိုင်ငံပြည်သူများအကြား ခိုင်မာသောဆက်ဆံရေးသည် ကာလရှည်ကြာတည်တံ့ခဲ့ပြီး နက်ရှိုင်း သော အနာဂတ်ကိုလည်း ပိုင်ဆိုင်ထားပါသည်။

အဆွေတော်အား ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း နှင့် မြန်မာပြည်သူများ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဆာဂေး ရှွိုင်းဂူ**
**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်

**အဆွေတော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အဆွေတော်အား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားအပ်ပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံတော်ကို ဦးဆောင်ရာတွင် ပေးအပ်လာသည့် တာဝန်ဝတ္တရား အဝဝကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်းနှင့် ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များကိုလည်း ပြည့်ဝစွာ ဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက် ရေးနှင့် ပြည်သူတို့၏ သာယာဝပြောရေးကို ရှေးရှုသည့် မဟာဗျူဟာမြောက် စီမံကိန်းများကိုလည်း အောင်မြင် စွာ အကောင်အထည်ဖော်နိုင်ပါစေကြောင်း စိတ်ရင်းစေတနာအပြည့်ဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ယခုအခါသမယတွင် ရုရှား-မြန်မာဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန်အတွက် တာတာစတန် ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် အလေးအနက် စိတ်အားထက်သန်လျက်ရှိပါကြောင်း ထပ်လောင်းအတည်ပြုပြောကြားအပ်ပါသည်။

လေးစားစွာဖြင့်

**ရုစတမ် မီနီခါနော့ဗ်**
**တာတာစတန်ပြည်နယ်အကြီးအကဲ**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ ရယ်ဂန်းနီး ဂရီဂေါရက်ဖ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ ရယ်ဂန်းနီး ဂရီဂေါရက်ဖ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ

**အဆွေတော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် စိန့်ပီတာစဘတ်အစိုးရအဖွဲ့နှင့် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြား လိုပါသည်။

ဉာဏ်အမြော်အမြင်ကြီးမားသည့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ဦးအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် သိသာထင်ရှားသော ကောင်းကျိုးပြုမှုများကို ဆောင်ရွက်ခဲ့ပါသည်။

ယခု ရွေးကောက်တင်မြှောက်ခံရမှုသည် အဆွေတော်၏ အောင်မြင်မှုများအပေါ် ယုံကြည်အားထားမှု နှင့် လေးစားမှုကို ထင်ရှားစေလျက်ရှိပါသည်။ မြန်မာပြည်သူများအကျိုးကို တာဝန်ယူဆောင်ရွက်ခဲ့သည့် နှစ်များအတွင်း ထူးချွန်ပြောင်မြောက်သည့် ကျွမ်းကျင်မှု၊ ကြံ့ခိုင်သည့်စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှု တို့ကို ပြသခဲ့ပါသည်။

ရုရှားနိုင်ငံနှင့် အဆွေတော်၏ သာယာလှပသောနိုင်ငံတို့အကြား တည်ရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို စိန့်ပီတာစဘတ်အနေဖြင့် ဂုဏ်ယူလျက်ရှိပါသည်။ အထူးသဖြင့် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာ အားကောင်းစေရန် အဆွေတော်၏ အာရုံစိုက်ကြိုးပမ်းဆောင်ရွက်မှုကို မိမိတို့အလွန်တန်ဖိုးထားပါသည်။ နှစ်နိုင်ငံပြည်သူများအကျိုးစီးပွားကိုရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန်နှင့် အပြုသဘော ဆောင်သော တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ရန်တူညီဆန္ဒမှာ အနာဂတ်အောင်မြင်မှုများ အတွက် အာမခံတစ်ခုဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရယ်ဂန်းနီး ဂရီဂေါရက်ဖ်**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်

**သမ္မတကြီးခင်ဗျား**

သမ္မတကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန် ကျွန်တော့်အနေဖြင့် လှိုက်လှဲနွေးထွေးစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

နိုင်ငံတော်အတွက် ယခုကဲ့သို့ အရေးကြီးသောအချိန်အခါသမယတွင် သမ္မတကြီးအား ရွေးကောက် တင်မြှောက်လိုက်ခြင်းသည် သမ္မတကြီး၏ ဦးဆောင်မှုအပေါ် ယုံကြည်အလေးထားမှုကို ထင်ဟပ်စေပါ သည်။ သမ္မတကြီး၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံသည် ပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်ဟု ကျွန်တော် အခိုင်အမာယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် မြန်မာနိုင်ငံနှင့် အိုက်စလန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုခိုင်မာစေရန်နှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းရရှိစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် ကျွန်တော်၏ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပါသည်။

သမ္မတကြီးအား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် ယခုလို အရေးကြီးသော တာဝန်များ ကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားမှုဖြင့်

**ကိုကိုလတ်**
**မြန်မာနိုင်ငံဆိုင်ရာ**
**အိုက်စလန်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အသင်း/အဖွဲ့များနှင့် ကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် မေ ၉

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် သာကေတမြို့နယ် ဇိနမာန်အောင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံတည်ဆောက်ရေးအဖွဲ့၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း(နေပြည်တော်)၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း၊ သမ္မတကြီး ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ပါကြောင်း၊ ကျန်းမာခြင်းသုခနှင့်ပြည့်စုံပါစေ၊ ဘေးရန်အပေါင်းမှ ကင်းဝေးပါစေ၊ ကပ်ကြီးသုံးပါးမှ ကင်းဝေးပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သာကေတမြို့နယ် ဇိနမာန်အောင်စေတီတော်မြတ်ကြီး**
**လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရေးနှင့်**
**ဘက်စုံတည်ဆောက်ရေးအဖွဲ့**

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်**

နိုင်ငံတော်သမ္မတရွေးချယ်ရေး လုပ်ထုံးလုပ်နည်းများအရ ရွေးချယ်ခန့်အပ်ခံရသော နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယသမ္မတ(၁) ဦးညိုစော၊ ဒုတိယသမ္မတ(၂) နန်းနီနီအေးတို့အား နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ဦးစွာတင်ပြအပ်ပါ သည်။

ကျွန်ုပ်တို့ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်းအနေဖြင့် သမ္မတကြီး ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ပါသည်။

ထို့အပြင် နိုင်ငံတော်၏စီးပွားရေးတိုးတက်ရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတွင် အသင်းအနေဖြင့် အစိုးရနှင့်ပူးပေါင်းကာ တက်ကြွစွာပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်မည့် အစိုးရအဖွဲ့အသစ်အား ကျန်းမာ၊ ချမ်းသာပြီး နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးအတွက် အောင်မြင်စွာ ဦးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**
**အသေးစား၊ အငယ်စားနှင့်အလတ်စား**
**စီးပွားရေးလုပ်ငန်းရှင်များအသင်း**
**နေပြည်တော်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာခြင်းသုခနှင့်ပြည့်စုံပါစေ၊ ဘေးရန် အပေါင်းမှ ကင်းဝေးပါစေ၊ ကပ်ကြီးသုံးပါးမှ ကင်းဝေးပါစေ၊ တရားထူး တရားမြတ် ကျင့်ကြံအားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီ**

# ဦးညိုစော အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား တာချင်း ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော်၊ မေ ၉

ဦးညိုစောအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား တာချင်း ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်

**အဆွေတော်၊**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒုတိယသမ္မတအဖြစ် အဆွေတော်ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံကိုယ်စားနှင့် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အခွင့်ကြုံခိုက် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှုတို့ကို အခြေခံပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် မြန်မာ-ဘယ်လာရုစ် ဆက်ဆံရေးကို ဆက်လက်တိုးမြှင့်သွားရန် ကတိကဝတ်ကို မိမိအနေဖြင့် ထပ်လောင်းအတည်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံသည် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ အဆင့်မြင့်တွေ့ဆုံမှုများတွင် ရရှိခဲ့သည့်သဘောတူညီမှုများကို အကောင်အထည်ဖော်ရန်နှင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် သဘောတူလက်ခံခဲ့သည့် ဒုတိယအကြိမ်မြောက် ဘယ်လာရုစ်-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဦးစားပေးကိစ္စရပ်များအဖြစ် အကောင်အထည်ဖော်သွားရန်ဖြစ်ပါသည်။။

နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ ဘယ်လာရုစ်နှင့် မြန်မာအစိုးရများအကြား ထိတွေ့မှုများ ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလက်ဇန္ဒား တာချင်း**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

☆ ရှေ့ဖုံးမှ

### ဦးအောင်ဇော်သိန်းကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ကိုးဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးအောင်ဇော်သိန်း၊ ဦးညဏ်ထွန်း၊ ဦးမျိုးတင့်၊ ဦးကျော်ဆန်း၊ ဦးတူးမော်၊ ဒေါ်စုစုဝင်း၊ ဒေါ်ဥမ္မာအေး၊ ဦးတင့်ဝေနှင့် ဒေါက်တာမာလာမော်တို့ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးအောင်ဇော်သိန်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီး ၃၀ ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးခင်မောင်ရီ၊ ဦးအောင်ကျော်ဟို၊ ဦးတင်အောင်စန်း၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာ ကံဇော်၊ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဦးသန်းမောင်၊ ဒေါက်တာသီတာဦး၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဦးထိန်လင်း၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦး၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမြင့်ကြိုင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ဦးရဲမြင့်ထွန်း၊ ဒေါက်တာမောင်သင်း၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းနှင့် ဦးမောင်မြင့်တို့ကို ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

### ဒေါက်တာသီတာဦးကို ပြည်ထောင်စုရှေ့နေချုပ်၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စုစာရင်းစစ်ချုပ် အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူ

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ဒေါက်တာသီတာဦးကို ပြည်ထောင်စုရှေ့နေချုပ်အဖြစ်လည်းကောင်း၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဒေါက်တာသီတာဦးကို ပြည်ထောင်စုရှေ့နေချုပ်အဖြစ်လည်းကောင်း၊ ဒေါ်နိုင်သက်ဦးကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

### ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ရှစ်ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်နှင့် ဒေါ်သင်းသင်းချိုတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

### ဒေါက်တာခင်နိုင်ဦးကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဒေါက်တာခင်နိုင်ဦး၊ ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်၊ ဒေါက်တာစန္ဒာဦး၊ ဒေါက်တာရီအေး၊ ဦးတင်မြင့်၊ ဒေါက်တာလှညွန့်၊ ဒေါက်တာဇော်ဦးနှင့် ဒေါက်တာဖြူဖြူအိတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဒေါက်တာခင်နိုင်ဦးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်နှင့် ဒေါက်တာစန္ဒာဦးတို့ကို ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

### ဦးစိုးသိန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ကိုးဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးစိုးသိန်း၊ ဦးကျော်ဝင်းသိန်း၊ ဒုတိယ ရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ဒေါက်တာထွန်းထွန်းဦး၊ ဦးလွန်းဘော်၊ ဦးကျော်စိုးညွန့်၊ ဦးတိုးရီ၊ ဦးတင်အောင်ဝင်းနှင့် ဦးမင်းဟန်တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးစိုးသိန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အမည်စာရင်းတင်ပြခြင်းတို့ကို မေ ၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒကျော်စွာ၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇင်မင်းထက်နှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ အဖွဲ့ဝင်များအဖြစ် သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး (ခ) တက္ကသိုလ်မေသူ၊ ဆိတ်ကြီး/ ခနောင်တို မဲဆန္ဒနယ်မှ ဒေါက်တာထွန်းထွန်းဝင်း၊ မိုင်းခတ်မဲဆန္ဒနယ်မှ စိုင်းဝန်းဆမ်၊ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါ်နန်းကျင်း (ခ) နန်းစိန်၊ ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ဇင်ပပဦး၊ ဧရာဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခိုင်ဝင်းအောင်၊ ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ကျိန်ငိုက်မန်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းမြိုင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မြင့်သောင်းနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်ဖြိုးဖြိုးဝေတို့ဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီကို အတည်ပြုဖွဲ့စည်းကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် အမည်စာရင်းတင်ပြခြင်းတို့ကို မေ ၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းအောင်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၊ အဖွဲ့ဝင်များအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော်၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ၊ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွန့်ဆောင်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၊ ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးချစ်ဝေ၊ ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်ဇော်မြင့်၊ ကရင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ခွန်ဝင်းဦး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်စိုးညွန့်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ဖြိုးမင်းဝင်းတို့ဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို အတည်ပြုဖွဲ့စည်းကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ကိုမေ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။ **သတင်းစဉ်**



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်လာကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။




## နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ တက်ရောက်မည့် ပြည်ပအစိုးရကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မေ ၉

မေ ၁၀ ရက်တွင် ကျင်းပပြုလုပ်မည့် နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်း အခမ်းအနားသို့တက်ရောက်မည့် ပြည်ပနိုင်ငံအစိုးရကိုယ်စားလှယ်များသည် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ယနေ့ညနေပိုင်းတွင် ရောက်ရှိကြသည်။ ယင်းကိုယ်စားလှယ်များအား နေပြည်တော်တပ်မတော်လေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။ **သတင်းစဉ်**

# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

**ပုသိမ် ဧပြီ ၉**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အတည်ပြုကြေညာ**

အစည်းအဝေးတွင် ရေးရာကော်မတီခြောက်ရပ် ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ကော်မတီတစ်ရပ်ချင်းစီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်များကို လွှတ်တော်က သဘောတူသဖြင့် လျာထားသတ်မှတ်ချက်ပါအတိုင်း ရေးရာကော်မတီခြောက်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက အတည်ပြုကြေညာသည်။

ထို့နောက် ဖွဲ့စည်းအတည်ပြုပြီးသော ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့တွင် သက်ဆိုင်ရာကော်မတီအလိုက် လစ်လပ်လျက်ရှိသည့် ကော်မတီအဖွဲ့ဝင်(၂)နေရာနှင့် အတွင်းရေးမှူး (၁)နေရာတို့၏ အမည်စာရင်းများကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ကြေညာခဲ့ရာ လွှတ်တော်က သဘောတူသဖြင့် လျာထားချက်ပါအတိုင်း အစားထိုးဖွဲ့စည်းတာဝန်ပေးအပ်ရန် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြေညာခဲ့ပြီး တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**မော်လမြိုင် ဧပြီ ၉**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ် တာဝန်ပေးအပ်မည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ကြေညာပြီး ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ကျိုက်ထိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်ထူးက လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ အစည်းအဝေးရပ်နားပြီး အဋ္ဌမနေ့ အစည်းအဝေးကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**ရန်ကုန် ဧပြီ ၉**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စတင်ကျင်းပ**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်က တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်၏ သက်ဆိုင်ရာ ကော်မတီအသီးသီးတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အမည်စာရင်းတို့ကို လွှတ်တော်သို့ တင်ပြ၍ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ချက်တို့ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသည့် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ရေးရာကော်မတီ ၁၀ ရပ်ကို ဖွဲ့စည်းခဲ့ပြီး လွှတ်တော်၏ အတည်ပြုချက်ကို ရယူခဲ့ကြသည်။

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အဖြစ် ဧပြီ ၁၀ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**စစ်တွေ ဧပြီ ၉**

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထင်လင်းဦးက ရခိုင်ပြည်နယ် လွှတ်တော်၌ ဖွဲ့စည်းရန်လျာထားသည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီတို့တွင် ဖွဲ့စည်းတာဝန်ပေးအပ်မည့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တို့၏ အမည်စာရင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက အဆိုပါကော်မတီများတွင် ဖွဲ့စည်းတာဝန်ပေးအပ်မည့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တို့၏ အမည်စာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းကို ဧပြီ ၉ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဧပြီ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**တင်ထွန်း(ပြန်/ဆက်)**




## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပ



**ဟားခါး မေ ၉**

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ်လွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်က အတည်ပြုထားသော ပြည်နယ်အစိုးရဝန်ကြီးဌာန ခုနစ်ဌာနတွင် ပြည်နယ်ဝန်ကြီးများအဖြစ် အဆိုပြုသည့် ဝန်ကြီးများနှင့်စပ်လျဉ်း၍ ဟားခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဆန်အုပ်မန်း၊ တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဇမ်းရှင်းဒါလ်၊ ဖလမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဝမ်းလျန်းထန်နှင့် မင်းတပ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးထန်ရှင်းထောင်းတို့က ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဝန်ကြီးများအဖြစ် အဆိုပြုထားသော လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာလျန်ဇခုပ်၊ လူမှုရေးရာဝန်ကြီးဌာနဝန်ကြီး ဦးစိန်ထွန်းလှ၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဦးနေလင်းအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးပေါင်ဇလန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းဇော်ဦး၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်ဌေးတို့နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြကာ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူ၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဥ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

**တောင်ကြီး မေ ၉**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထိန်စိုးက ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုး ရေးရာကိစ္စများ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးကိန်မိုင် (ကချင် တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး)၊ ဒေါ်အေးချိုစိန် (ကယန်း (ခ)ပဒေါင်တိုင်းရင်းသား လူမျိုး ရေးရာဝန်ကြီး)၊ ဒေါ်ခင်ထွေးအောင် (ဗမာတိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး)၊ ဦးဝီလ်ဆင်မိုး (လားဟူ တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး)၊ ဒေါ်ငွေလှိုင် (လီဆူ တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး)၊ ဦးထွန်းအောင် (အာခါ တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး)၊ ဒေါ်တင်တင်ရီ (အင်းသား တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး)တို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ခြင်း ဆောင်ရွက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထိန်စိုး၏ သဘောတူညီချက်ဖြင့် တင်ပြထားသောပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်ပါ အဖွဲ့ဝင်ငါးဦး၏ အမည်စာရင်းနှင့် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီဥက္ကဋ္ဌ ဦးအာကာလင်းပါ အဖွဲ့ဝင်ငါးဦး၏ အမည်စာရင်းတို့ကို လွှတ်တော်သို့ တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်တို့ကို ကြေညာခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ



**မြစ်ကြီးနား မေ ၉**

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူက အစည်းအဝေး ပဥ္စမနေ့တွင် အဆိုပြုလာသည့် ဒေါ်အေးအေးမော်အား ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ် အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အစည်းအဝေး ပဥ္စမနေ့တွင် အဆိုပြုတင်သွင်းလာသည့် ဝန်ကြီးဌာနခုနစ်ခု၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးကျော်သူရ၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးတိန့်ဆောင်၊ လူမှုရေးရာဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးကျော်မင်းခိုင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးအောင်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးချန်တန်ခင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဒေါက်တာအောင်ဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးရဲရင့်ဆွေတို့အား ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

ထို့အတူ ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းလာသည့် ကချင်ပြည်နယ်ဥပဒေချုပ်အဖြစ် ဒေါ်နန်းလှလှအေး၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်လေးနွယ်တို့အား ခန့်အပ်တာဝန်ပေးနိုင်ရန်နှင့် ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးများအဖြစ် အဆိုပြုတင်သွင်းထားသည့် ဦးအောင်မြင့်၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ခင်ပြုံးရီတို့အား ခန့်အပ်တာဝန်ပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကန့်ကွက်မှုမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီနှင့်စီမံကိန်း၊ဘဏ္ဍာရေးနှင့်ပြည်သူ့ငွေစာရင်းဆိုင်ရာကော်မတီများ ဖွဲ့စည်းနိုင်ရေး ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာစိစစ်ရေးကော်မတီအား အဖွဲ့ဝင်ငါးဦးဖြင့် ဖွဲ့စည်းနိုင်ရေးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းဆိုင်ရာ ကော်မတီများအား အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းနိုင်ရေး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး အကြံပြုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာပြီး တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ကြောင်းနှင့် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို သတ်မှတ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်နေ့မှ နှောင်းကဆုန်လဆန်း ၁ ရက်နေ့သည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်–

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်–

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့်ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာ ပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှုလျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

■

## အုတ်တွင်းမြို့နယ်၌ သင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိ

အုတ်တွင်း ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီက ဦးဆောင်၍ ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီတို့က ယနေ့နံနက်ပိုင်းတွင် ဈေးရပ်ကွက်ရှိ သီရိရတနာလမ်း၌ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

အုတ်တွင်းမြို့နယ် သင်္ကြန်ပွဲတော်တွင် ဈေးရပ်ကွက်ရှိ သီရိရတနာလမ်းတစ်လျှောက်တွင် လမ်းလျှောက်သင်္ကြန်အဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်နှင့် စတုဒိသာအကျွေးအမွေးမဏ္ဍပ်များအား စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပဲခူးလမ်းရပ်ကွက်များမှ ယိမ်းအဖွဲ့များကလည်း ဖျော်ဖြေရေးအတွက် ကြိုတင်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)





## တန့်ယန်းမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

တန့်ယန်း ဧပြီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်အား ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုမဏ္ဍပ်ဆောက်လုပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဗိုလ်ချုပ်လမ်းမကြီး အမှတ်(၃) ရပ်ကွက် မြို့နယ်မော်တော်ယာဉ်ကြီးကြပ်ရေးရုံးအနီး ဆောက်လုပ်နေပြီး လမ်းလျှောက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်တို့ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ယိမ်းအကအဖွဲ့များမှလည်း အကတိုက်လေ့ကျင့်နေကြကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)

## သင်္ကြန်ရေသဘင် နွှဲဆင်ယင်

❖ ရာသီမိဿ၊ စိတြရောင်လျှံဝေ
ပိတောက်ရွှေရည်လူး၊ နှစ်ကူးဂိမှာန်နွေ
မြန်မာတို့မြေ၊ စုံထွေသာဆန်း
သင်္ကြန်ရေသဘင်၊ နွှဲဆင်ယင်
ကြည်ရွှင်ပြုံးပျော်လန်းသည်နှင့်လေး။

❖ မြန်ပြည်အဝှမ်း၊ အေးချမ်းနိမိတ်ဖြာ
အဟောင်းညစ်ကြေး၊ ဆေးကြောသန့်စင်ကာ
ကောင်းခြင်းဝေဆာ၊ မင်္ဂလာနှစ်သစ်
ကိုယ်လည်းသန့်စင်၊ စိတ်လည်းပြင်
သစ်လွင်ခွန်အားဖြစ်သည်နှင့်လေး။

❖ ကံ့ကော်ထုံလှစ်၊ ပွင့်သစ်ရင်ခတ်လွင်
သက်ကြီးပူဇော်ပွဲ၊ တူနွဲ့ကုသိုလ်ယှဉ်
နှစ်လုံးသည်းရင်၊ ကြည်စင်မြချမ်း
သီလစောင့်ကာ၊ ပရိတ်နာ
ဘာသာအသိလွှမ်းသည်နှင့်လေး။

❖ မေတ္တာရေဖျန်း၊ ဆင့်ကမ်းလှူမျှဝေ
ဇီဝိတဒါန၊ လွှတ်ကြဘေးမဲ့ပေ
ထိန်းကြမသွေ၊ ကောင်းမွေပိုက်စွဲ
စတုဒိသာ၊ ချစ်ကြည်စွာ
စဉ်လာဆက်ခံမြဲသည်နှင့်လေး။

❖ လမ်းလျှောက်သင်္ကြန်ပွဲ၊ ပျော်နွဲ့ခုချိန်ခါ
ဆိုကပေါင်းစည်း၊ ရင်းနှီးညီညွတ်စွာ
ယဉ်ကျေးလိမ္မာ၊ မြန်မာပီသ
နှစ်သစ်သို့ရည်၊ အားသစ်ချီ
ကိုယ်စီစွမ်းဆောင်ကြပါစို့လေး။

❖ သင်္ကြန်ရေ ချမ်းမြ၊
ဆန်းစနွေခါ စိမ်းလမ်းဖြာဝေစည်။
မြန်ပြေ နန်းအမတ၊
လန်းလှမသွေသာ ငြိမ်းချမ်းသာစေအတည်။

ဇော်မင်းမင်းဦး

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# နွေဥတုမှာ ကျန်းမာဖို့ တိုင်းရင်းဆေးနဲ့ ကာကွယ်စောင့်ရှောက်စို့

နန်းခင်ထွေး၊ ခိုင်သရဖီမိုး၊ အေးသန္တာအောင်(တိုင်းရင်းဆေးပညာဦးစီးဌာန)

**"အာရောဂျ ပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟုဆိုသည့်အတိုင်း လူသားတိုင်းအတွက် ကျန်းမာရေးကောင်းမွန်ခြင်းသည် ဆုလာဘ်တစ်ခုဖြစ်ပါသည်။ တိုင်းရင်းဆေးပညာအရ လူသားတစ်ဦး ကျန်းမာရန်အတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော သမုဋ္ဌာန်လေးပါး ညီညွတ်မျှတစွာနေထိုင်မှသာ ကျန်းမာခြင်းနှင့် ပြည့်စုံမည်ဖြစ်ပါသည်။ ၎င်းသမုဋ္ဌာန်လေးပါးတွင် ဥတုသည် အရေးပါသောကဏ္ဍတစ်ခုဖြစ်ပါသည်။**

ဥတုသည် ပါဠိစကားဖြစ်ပြီး ပူခြင်း၊ အေးခြင်း၊ ခြောက်သွေ့ခြင်း၊ စွတ်စိုခြင်း စသည့် အခြေအနေများနှင့် လူတို့ဖန်တီးစွမ်းဆောင်ထားသော ပတ်ဝန်းကျင်အခြေအနေများ ဖြစ်ပါသည်။ ရာသီဥတုအကူးအပြောင်းကာလများတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော သမုဋ္ဌာန်လေးပါး ညီညွတ်မျှတစွာ လိုက်နာကျင့်သုံးခြင်းမရှိပါက ကျန်းမာရေးကိုယ်ခံအား လျော့နည်းသူများမှာ ရောဂါဘယနှိပ်စက်မှုများကို ခံရတတ်ကြပါသည်။ ထို့ကြောင့် တိုင်းရင်းဆေးပညာအရ "ဥတုအကြိုက်နေထိုင်လိုက်မှ ကျန်းမာသုခပြည့်စုံရ" ဟု ဆိုထားပါသည်။

နွေဥတုသည် တပေါင်းလပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်နေ့ ညဉ့်သန်းခေါင်အထိ ရက်ပေါင်း ၁၁၈ ရက်၊ လပေါင်းလေးလဖြစ်ပါသည်။ တိုင်းရင်းဆေးပညာတွင် တက်ဥတုနှင့် သက်ဥတုဟူသော ကာလအပိုင်းအခြားနှစ်ခုရှိရာ တက်ဥတုသည် ပြာသိုလပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်နေ့အထိ ကာလအားဖြင့် ခြောက်လသတ်မှတ်ထားသဖြင့် နွေဥတုသည် တက်ဥတုတွင်ပါဝင်ခြင်းဖြစ်သည်။

ထိုတက်ဥတုကာလတွင် နေမင်းသည် နိမ့်ရာမှ မြင့်ရာသို့တက်နေသည့်အလျောက် သတ္တဝါတို့၏ သန္တာန်တွင်လည်း အပူဦးစီးကာ တေဇောဝါယောဓာတ်များ ဦးဆောင်သဖြင့် ပြင်ပလောကနှင့် လူသတ္တဝါတို့၏ခန္ဓာကိုယ်တွင် အပူရှိန်များလွှမ်းမိုးလျက်ရှိခြင်း၊ ရေဓာတ်များ ခန်းခြောက်လျော့နည်းခြင်း၊ တောတောင်ရေမြေသစ်ပင်တို့ ခြောက်သွေ့ခြင်းတို့ကြောင့် ပူအိုက်ခြင်း၊ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ အအိပ်ပျက်အစားပျက်ဖြစ်ခြင်း၊ ရေငတ်ခြင်း၊ ချွေးထွက်များခြင်း၊ ကိုယ်သားကိုယ်ရေနူးညံ့ခြင်း၊ ဆီးနီခြင်း၊ နည်းခြင်း၊ ဝမ်းချုပ်ခြင်း၊ ခန္ဓာကိုယ်ပေါ့ပါးသွက်လက်ခြင်း၊ အပူကိုကြောက်ရွံ့ပြီး အအေးကိုအလိုရှိကာ ချိုသောအရသာ၊ အေးသောအရသာများကို ပိုမိုစားလိုခြင်း စသော ပကတိလက္ခဏာများကို တွေ့ရှိရပါသည်။

နွေဥတုတွင်ဖြစ်တတ်သော အတွေ့ရများသည့် ရောဂါလက္ခဏာများမှာ ဦးခေါင်းနှင့် ပတ်သက်သော ခေါင်းအုံခေါင်းကိုက်ခြင်း၊ ခေါင်းခဲခြင်းများ၊ ဝမ်းမီးနှုံ့ခြင်း၊ အစာမကြေခြင်း၊ ဆီးနှင့်ပတ်သက်သော လက္ခဏာများဖြစ်သည့် ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်း၊ မျက်စိနှင့်ပတ်သက်သော လက္ခဏာများဖြစ်သည့် မျက်စိကျိန်းခြင်း၊ မျက်စိနာခြင်းတို့ဖြစ်ပါသည်။ အဆိုပါ ရောဂါလက္ခဏာများတွေ့ရပါက တိုင်းရင်းဆေးပညာဖြင့် ကာကွယ်စောင့်ရှောက်မှုပေးရာတွင်-

### ခေါင်းအုံခေါင်းကိုက်ခြင်း၊ ခေါင်းခဲခြင်းဖြစ်ပါက ပြုစုစောင့်ရှောက်နည်းများ

ချွေးထွက်စေရန် ကွမ်းရွက်၊ ထန်းလျက်ပြုတ်ရည်ပူပူ အကြမ်းပန်းကန်တစ်လုံးခန့် တစ်နေ့နှစ်ကြိမ်သောက်ပါ။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၄၃ (အကင်း ၁၀ ပါးဆေး)ကို နနွင်းမှုံးရှူသကဲ့သို့ မီးကျီးခဲပေါ် ဆေးမှုန့်ဖြူး၍ ထွက်လာသည့်အခိုးကို ရှူရပါမည်။ မျက်ရည်ပူများ၊ နှာရည်များ ကျလာအောင် ပြင်းပြင်းရှူလျှင် ခေါင်းကိုက်ခြင်း သက်သာစေပါသည်။ မွှေးကြိုင်သော သနပ်ခါး၊ ကရမက်ရနံ့များ ရှူရှိုက်ပါ။ လေဝင်လေထွက်ကောင်းသောနေရာတွင် နေထိုင်ပါ။ ဝမ်းပျော့စေသော အစာအာဟာရများစားသုံးပါ။ ခေါင်းကိုက်သူများအနေဖြင့် ဝမ်းတွင်း၌ အပူလျော့နည်းစေရန် နံနက်ပိုင်း၊ ညနေပိုင်းတွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၆ (အပူငြိမ်းသွေးဆေး) လက်ဖက်ရည်ဇွန်း တစ်ဇွန်းနှင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၆ (ဟာလိဒ္ဒစုဏ္ဏာင်နီးဆေး) လက်ဖက်ရည်ဇွန်းတစ်ဇွန်းတို့ကို ရောစပ်၍ ရေနွေးဖြင့်သောက်ပါ။

နေ့လယ်ပိုင်းတွင် ဟာလိဒ္ဒစုဏ္ဏာင်နီးဆေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ရေနွေးနှင့်သောက်ပါ။ ခြေအေးလွန်းပြီး ခေါင်းကိုက်လျှင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ (အကင်း ၁၀ ပါးဆေး)နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၉ (သဗ္ဗဓေယျဆေးစပ်ကြီး)တို့ကို သနပ်ခါးရည် (သို့မဟုတ်)နံ့သာဖြူရည်တို့နှင့် ရောစပ်ကာ ဒူးခေါင်းအထက်မှ ခြေဖျားအထိ အခိုးထွက်စေရန် ခြေဖဝါးချန်ပြီး ပါးပါး ကျဲကျဲလိမ်းပေးပါ။ ထိုကဲ့သို့ တစ်နေ့နှစ်ကြိမ် (သို့မဟုတ်) သုံးကြိမ်ခန့် လိမ်းပေးလျှင် အပူအောက်သို့ သက်သာလာ၍ ခြေနွေးပြီး ခေါင်းကိုက်ခြင်းကို သက်သာစေပါသည်။

### လိုက်နာဆောင်ရွက်ရန်

တိုင်းရင်းဆေးသမားတော်များ၏ အဆိုအရ ဥတုအလိုက် ရေချိုးချိန်များကို နွေ ၉၊ မိုး ၁၀၊ ဆောင်း ၁၁ ဟု ဆိုထားပါသည်။ သို့ဖြစ်ပါ၍ ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်းများ သက်သာစေရန် နံနက် ၉ နာရီတွင် ရေချိုးခြင်း၊ နေပူမီးပူများမှ အတတ်နိုင်ဆုံး ကင်းဝေးအောင် ကာကွယ်နေထိုင်ခြင်း၊ ဆီးဝမ်းမှန်အောင် ကျင့်သုံးခြင်း၊ ရေနွေးကြမ်းသောက်ခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ဝမ်းပျော့ပျော့သွားစေရန် နံနက်အိပ်ရာထတွင် ရေခဲရေ မဟုတ်သော ရေအေးသောက်ခြင်း၊ "မနက်သဘော် ညငှက်ပျော" ဟု ဆိုရိုးရှိသည့်အတိုင်း သဘော်သီးမှည့်၊ ဖီးကြမ်းငှက်ပျောသီးမှည့်တို့ကို စားခြင်း၊ ထန်းလျက်နှင့် ဖျော်ထားသော မန်ကျည်းမှည့်ဖျော်ရည်သောက်ခြင်းအားဖြင့် ဝမ်းကိုပြုပြင်ပေးနိုင်ပါသည်။ "နွေချိုး၊ မိုးခါး၊ ဆောင်းချဉ်" ဆိုသည့်အတိုင်း နွေဥတုတွင် တတ်နိုင်သရွေ့ အေးချိုအရသာများစားသုံးပါ။ ရေများများသောက်ပါ။

### ရှောင်ကြဉ်ရန်

နေပူထဲမှပြန်လာပြီး ရုတ်တရက် ရေအေးချိုးခြင်း၊ ရေခဲရေသောက်ခြင်း၊ အဲကွန်း၊ ပန်ကာလေခံခြင်း၊ လေတိုက်ထဲတွင် အင်္ကျီမပါဘဲ အိပ်ခြင်း၊ အချိန်မတော် မကြာခဏခေါင်းလျှော်ခြင်း၊ ကိုယ်စိတ်အပင်ပန်းခံခြင်း စသည်တို့ကို ရှောင်ကြဉ်ခြင်းဖြင့် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်း လက္ခဏာများကို ကာကွယ်နိုင်ပါသည်။

### ဝမ်းမီးနှုံ့ခြင်း၊ အစာမကြေခြင်းများကို ပြုစုစောင့်ရှောက်နည်းများ

အစာကြေလွယ်သော စွပ်ပြုတ်၊ ဆန်ပြုတ်တို့ကို တိုက်ကျွေးပါ။ လေရောဂါကြောင့် ဝမ်းဗိုက်ထိုးအောင့်နာကျင်လျှင် လေကိုအမြန်သက်စေတတ်သော ကြက်သွန်ဖြူကို မီးဖုတ်၍စားခြင်းဖြင့် ဗိုက်နာခြင်းကို သက်သာစေနိုင်ပြီး ကြောင်ပန်းရွက်ကို ကျကျပြုတ်၍ ဆားလှော်ကို သင့်ရုံခတ်ပြီး လက်ဖက်ရည်ပန်းကန် တစ်ဝက်ခန့်သောက်ပါက လေနာသက်သာစေပါသည်။ ထန်းလျက်ပြုတ်ရည်တွင် သံပရာရည် အနည်းငယ်ခတ်၍တိုက်ပါ။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၉ (သဗ္ဗဓေယျဆေးစပ်ကြီး) တစ်ကျပ်သားလျှင် သကြားရှစ်ကျပ်သား ရောစပ်ပြီးအစာစားပြီး လူကြီးတစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်းတစ်ဇွန်း ရေနွေးနှင့်တိုက်ပါ။ ဝမ်းမီးနှုံ့ခြင်း၊ အစာမကြေခြင်း၊ ခြေဖျားအေးပြီး ဝမ်းဗိုက်နာခြင်းဖြစ်လျှင် ခြေဖျားနှင့် ဝမ်းဗိုက်ကို ပူနွေးစေသော လိမ်းဆေးဆီကို လိမ်းပေးပါက အပူရှိန်ကို အမြန်ရစေပြီး အထက်ပါ လက္ခဏာများကို သက်သာစေနိုင်ပါသည်။

### လိုက်နာဆောင်ရွက်ရန်

အစာမကြေခြင်း သက်သာစေရန်အတွက် အစားအစာများကို မိမိစားနိုင်သည်ထက် လျှော့၍ စားသုံးခြင်း၊ ကြေလွယ်သောအစာစားခြင်း၊ ဆန်ပြုတ်တွင် ကြက်သွန်ဖြူ၊ ငရုတ်ကောင်းမှုန့်ခတ်၍သောက်ခြင်း၊ ရေနွေးကြမ်းသောက်ပေးခြင်း၊ ဝမ်းမီးတောက်၍ အစာကြေစေသော လျက်ဆားကို လျက်ပေးခြင်းဖြင့် အစာမကြေခြင်း၊ ဝမ်းမီးနှုံ့ခြင်းများကို ကာကွယ်နိုင်ပါသည်။ အစာမကြေသူများသည် ကြက်သား၊ ဆိတ်သားနှင့် ငါးတို့ကို ပို၍စားပါ။ အစာကြေလွယ်သော ပဲရာဇာ၊ ပဲစင်းငုံ၊ ပဲနောက်တို့ကိုလည်း စားသုံးပါ။

### ရှောင်ကြဉ်ရန်

ကြေခဲသော ကောက်ညှင်း၊ ဒံပေါက်၊ အုန်းထမင်း၊ ထောပတ်ထမင်း၊ မုန့်တီ၊ မြီးရှေ၊ ခေါက်ဆွဲကြော်၊ ပလာတာ၊ ထပ်တစ်ရာ၊ နံပြား၊ အီကြာကွေးကဲ့သို့သောအစာများ၊ ထန်းသီးဆန်၊ ပဲမြစ်၊ စိမ်းစားဥ၊ မြေပဲဆန်ကဲ့သို့သော အစာများကိုလည်း ရှောင်ကြဉ်ပါ။ ထို့ပြင် ဝမ်းမီးကိုနှုံ့စေ၊ ညှို့စေတတ်သည့်ရေခဲ၊ ရေခဲမုန့်၊ ဖာလူဒါ၊ နွားနို့၊ မလိုင်၊ ဘဲဥ၊ ဝက်သား စသည်တို့ကိုလည်း ရှောင်ကြဉ်ရပါမည်။

### ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်းများဖြစ်လာလျှင် ပြုစုစောင့်ရှောက်နည်းများ

နံနက်အိပ်ရာထ ရေကိုဝအောင်သောက်ပါ။ ဆန်ဆေးရည်တွင် သကြားအနည်းငယ်ထည့်၍ သောက်ပါ။ ကြက်သွန်နီအစိမ်းစားပေးပါ။ ကြက်သွန်နီကိုပြုတ်၍ အကြမ်းပန်းကန် တစ်လုံးခန့် သောက်ပါ။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၁ (ဆီးဆေးဖြူ) လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ရေအေးဖြင့်သောက်ပါ (သို့မဟုတ်) ဆီးမှန်၊ ဆီးကောင်းလာစေရန် ဆီးဆေးဖြူ လက်ဖက်ရည်ဇွန်း တစ်ဇွန်းနှင့် သံပရာရည်လက်ဖက်ရည်ဇွန်း နှစ်ဇွန်း ရောစပ်၍ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သောက်ပေးပါ။ လိမ်းဆေးအနေဖြင့် ကြွေပုပ်ကို ဆန်ဆေးရည်နှင့်သွေး၍ ဆီးအိမ်ပေါ်သို့ မကြာခဏ လိမ်းပေးပါ (သို့မဟုတ်) မီးဖုတ်ထားသော ကြက်သွန်နီနွေးနွေးတစ်လုံးကို ဆီးအိမ်ပေါ်တွင် ကပ်ပေးပါ။

### လိုက်နာဆောင်ရွက်ရန်

ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်းများကို ကာကွယ်ရန်အတွက် နံနက်အိပ်ရာထတွင် ရေသောက်ခြင်း၊ မကြာခဏ ဆန်ဆေးရည်သောက်ခြင်း၊ သံပရာရည်၊ မြင်းခွာရွက်ဖျော်ရည်၊ အုန်းစိမ်းရည်၊ ရေနွေးကြမ်းသောက်ခြင်းနှင့် ဝမ်းတွင်းအေးစေသည့် ကန်စွန်းရွက်၊ ဘူးသီး၊ ကျောက်ဖရုံသီး၊ မန်ကျည်းရွက်၊ ပေါက်ပန်းဖြူရွက်၊ ကင်ပွန်းချဉ်ရွက်၊ ပဲရာဇာ၊ ပဲစင်းငုံ၊ ပဲနောက်နှင့် အရည်ရွှမ်းသော အသီးအနှံများ စားသုံးပါ။

စာမျက်နှာ ၁၁ သို့ ❍

> **"တိုင်းရင်းဆေးသမားတော်များ၏ အဆိုအရ ဥတုအလိုက် ရေချိုးချိန်များကို နွေ ၉၊ မိုး ၁၀၊ ဆောင်း ၁၁ ဟုဆိုထားပါသည်။ သို့ဖြစ်ပါ၍ ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်းများ သက်သာစေရန် နံနက် ၉ နာရီတွင် ရေချိုးခြင်း၊ နေပူမီးပူများမှ အတတ်နိုင်ဆုံး ကင်းဝေးအောင် ကာကွယ်နေထိုင်ခြင်း၊ ဆီးဝမ်းမှန်အောင် ကျင့်သုံးခြင်း၊ ရေနွေးကြမ်းသောက်ခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ဝမ်းပျော့ပျော့သွားစေရန် နံနက်အိပ်ရာထတွင် ရေခဲရေ မဟုတ်သော ရေအေးသောက်ခြင်း၊ "မနက်သဘော် ညငှက်ပျော" ဟု ဆိုရိုးရှိသည့်အတိုင်း သဘော်သီးမှည့်၊ ဖီးကြမ်းငှက်ပျောသီးမှည့်တို့ကို စားခြင်း၊ ထန်းလျက်နှင့် ဖျော်ထားသော မန်ကျည်းမှည့်ဖျော်ရည်သောက်ခြင်းအားဖြင့် ဝမ်းကိုပြုပြင်ပေးနိုင်"**

> **"မည်သည့်အကြောင်းကြောင့် မျက်စိနာသည်ဖြစ်စေ ဝမ်းမချုပ်စေရန် မန်ကျည်းဖျော်ရည်၊ ငှက်ပျောသီးမှည့်ပျော့ပျော့၊ သံပရာဖျော်ရည်၊ သဘော်သီးမှည့်၊ ကင်ပွန်းချဉ်ရွက်တို့ကို စားပါ။ နေပူချိန်တွင် မလွှဲမရှောင်သာ၍ သွားရသည့်အခါ ထီး၊ ဦးထုပ်ဆောင်း၍သွားခြင်း၊ ချည်သားအင်္ကျီလက်ရှည် ဝတ်ဆင်၍သွားခြင်း၊ နံနက်ခင်းပိုင်းတွင် ရေမှန်မှန်ချိုးခြင်းဖြင့် မျက်စိနာ မဖြစ်အောင် ကာကွယ်နိုင်"**

❍ စာမျက်နှာ ၁၀ မှ

**ရှောင်ကြဉ်ရန်**

အပူအစပ်များစားသုံးခြင်း၊ အထိုင်များခြင်း၊ ကြာရှည်စွာ ယာဉ်မောင်းခြင်း၊ နေပူထဲကြာရှည်စွာ အလုပ်လုပ်ခြင်း၊ ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ရပါမည်။

**မျက်စိကျိန်းခြင်း၊ မျက်စိနာခြင်းများဖြစ်လာလျှင် ပြုစုစောင့်ရှောက်နည်းများ**

ဥတုဘောဇနသင်္ဂဟကျမ်းအရ မျက်နှာသစ်သည့်အခါ ခြေထောက်ကို ရှေးဦးစွာ ရေလောင်းပြီးမှ မျက်နှာသစ်ပါ။ ရေဝဝသောက်ပါ။ ညပိုင်းတွင် ထန်းလျက်နှင့်ဖျော်ထားသော မန်ကျည်းမှည့်ဖျော်ရည်သောက်ပါ။ ငှက်ပျောသီးဖီးကြမ်းအမှည့်ကို စားပေးပါ။ မျက်လုံးများပူခြင်းအတွက် မန်ကျည်းပင်နီခေါက်ကို ဆားနှင့်သွေး၍ နဖူးကိုလိမ်းပါ။ မျက်စိနာလျှင် ရှားစောင်းလက်ပပ်အနှစ် (သို့မဟုတ်) ကွမ်းရွက်ကို မျက်လုံးတစ်ဝိုက်ကပ်ပေးပါ။ နံနက်ပိုင်းနှင့် ညနေပိုင်းတွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၆ (အပူငြိမ်းသွေးဆေး) လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ရေနွေးနှင့် သောက်ပါ။ နေ့လယ်ပိုင်းတွင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၆ (ဟလိဒ္ဒ စုဏ္ဏောင်နန်းဆေး) လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ရေနွေးနှင့်သောက်ပါ။ ညတွင်ဝမ်းမှန်စေရန် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၂ (စက္ခုပါလဆေး) ငါးပြားကို မန်ကျည်းမှည့်ရည် (သို့မဟုတ်) ရေအေးနှင့်သောက်ပါ။

**လိုက်နာဆောင်ရွက်ရန်**

မည်သည့်အကြောင်းကြောင့် မျက်စိနာသည်ဖြစ်စေ ဝမ်းမချုပ်စေရန် မန်ကျည်းဖျော်ရည်၊ ငှက်ပျောသီးမှည့်ပျော်ပျော်၊ သံပရာဖျော်ရည်၊ သင်္ဘောသီးမှည့်၊ ကင်ပွန်းချဉ်ရွက်တို့ကို စားပါ။ နေပူချိန်တွင် မလွှဲမရှောင်သာ၍ သွားရသည့်အခါ ထီး၊ ဦးထုပ်ဆောင်း၍ သွားခြင်း၊ ချည်သားအင်္ကျီလက်ရှည်ဝတ်ဆင်၍ သွားခြင်း၊ နံနက်ခင်းပိုင်းတွင် ရေမှန်မှန်ချိုးခြင်းဖြင့် မျက်စိနာမဖြစ်အောင် ကာကွယ်နိုင်ပါသည်။

**ရှောင်ကြဉ်ရန်**

အပူအစပ်စားခြင်း၊ အတက်စာများဖြစ်သော ဆူးပုပ်၊ ပဲကြီး၊ ပဲပုပ်၊ ငါးသလောက်၊ ငါးဖယ်၊ ပုစွန်၊ ကဏန်း၊ မှျစ်၊ ကြက်သားစသောအစာများ မစားသင့်ပါ။ ကလေးများ နေပူထဲတွင် သွားလာဆော့ကစားခြင်းများ မပြုလုပ်ရပါ။

နွေဥတုတွင် အတွေ့ရများသော ခေါင်းမူးခြင်း၊ ခေါင်းအုံခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းခဲခြင်း စသည့် ဦးခေါင်းနှင့် ပတ်သက်သော ရောဂါလက္ခဏာများ၊ ဝမ်းမီးနှံ့၍ အစာမကြေခြင်း၊ အစားအသောက်ပျက်ခြင်းစသော လက္ခဏာများ၊ ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးနီခြင်း၊ ပူခြင်းစသည့် ဆီးနှင့်ပတ်သက်သော လက္ခဏာများ၊ မျက်စိကျိန်းခြင်း၊ မျက်စိနာခြင်းစသော လက္ခဏာများသည် လူတိုင်းနီးပါး တစ်ခုမဟုတ်တစ်ခုဖြစ်ပွားခံစားရမှုများ ဖြစ်တတ်ပါသည်။ ထို့ကြောင့် နွေဥတုတွင် အတွေ့ရများသော ရောဂါလက္ခဏာများကို ကာကွယ်နိုင်ရန်နှင့် ၎င်းလက္ခဏာများဖြစ်လာပါက တိုင်းရင်းဆေးပညာနည်းစနစ်အရ လိုက်နာဆောင်ရွက်ရန်၊ ရှောင်ကြဉ်ရန်များကို လိုက်နာပြီး ကျန်းမာသက်ရှည်စွာနေထိုင်နိုင်ရန်၊ မိမိကျန်းမာရေးကို မိမိကိုယ်တိုင် ပြုစုစောင့်ရှောက်နိုင်ရန်အတွက် "နွေဥတုတွင်ကျန်းမာဖို့ တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်စို့" ဆောင်းပါးအား ရေးသားဖော်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**


❄ တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုသင်တန်း လက်စွဲစာအုပ် (၂၀၁၉)၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နှာ၊ ၇၄-၇၇။

❄ ဘိုးလှိုင် (ဦး) (၁၉၉၆)၊ ဥတုဘောဇနသင်္ဂဟကျမ်း၊ ဧကာဒသမအကြိမ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

❄ ဟန်ထွန်း (ဦး) (၁၉၉၃)၊ လက်တွေ့အသုံးချမြန်မာ့ကုထုံးဆေးပညာကျမ်း၊ ပင်မြင့်မာလာပုံနှိပ်တိုက်၊ နှာ၊ ၆၈-၇၁။

❄ အခြေခံတိုင်းရင်းဆေးပညာပေး သင်တန်းလက်စွဲ (၂၀၀၈)၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နှာ၊ ၃၈-၄၀။

❄ အသုံးဝင်ဆေးပင်များနှင့် မြန်မာ့တိုင်းရင်းဆေးနည်းလက်စွဲ(၂၀၁၉)၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နှာ၊ ၁၉-၂၀။

အောင်ကျော်မင်း(ပါမောက္ခ) (၂၀၁၈)၊ လက်တွေ့အသုံးချ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာများ၊ နှာ၊ ၁၃၄-၁၃၇။


# အုတ်တွင်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**အုတ်တွင်း ဧပြီ ၉**



ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်းကို ဧပြီ ၈ ရက် နံနက်ပိုင်းက ဝါးတီးကျေးရွာနှင့် ဇောဓိကုန်းကျေးရွာတို့ရှိ ဘုန်းတော်ကြီး ကျောင်းဝင်း၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေး ဟောပြောရာတွင် ဝါးတီးကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနမှ ကျန်းမာရေးမှူး(၂) ဦးမင်းသိန်းက အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာရမည့်အချက်များ၊ အပူဒဏ် ကြောင့် သတိလစ်ခြင်း လက္ခဏာများ ခံစားနေရသော လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်းများ၊ အပူဒဏ်နှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောသည်။

**ကျန်းမာရေးစောင့်ရှောက်**

ဆက်လက်၍ ဇောဓိကုန်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနမှ ကျန်းမာရေးဝန်ထမ်းများက အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကျိုက်ထိုမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျိုက်ထို ဧပြီ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အပူဒဏ်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့နယ် ပြည်သူ့ဈေးရှေ့၌ ဆောင်ရွက်သည်။

အဆိုပါလက်ကမ်းစာစောင်တွင် အပူဒဏ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများအဖြစ် လိုက်နာရမည့်အချက်များပါဝင်ပြီး လက်ကမ်းစာစောင်ဖြန့်ဝေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စွာဦး၊ ကျိုက်ထိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခွန်မောင်အိုးနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

# နတ်တလင်းမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်း ဆောင်ရွက်



**နတ်တလင်း ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ နွေရာသီကာလ အပူရှိန်ပြင်းထန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများနှင့် အပူဒဏ်အန္တရာယ်များကို ပြည်သူများသိရှိစေရန် အသိပညာပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက နတ်တလင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးအေးသန့်က ပြည်သူများအား အပူရှိန်ကြောင့်ဖြစ်ပေါ်တတ်သော ရောဂါလက္ခဏာများ၊ အပူလျှပ်ခြင်းနှင့် ရှေးဦးပြုစုခြင်းနည်းလမ်းများ၊ အပူဒဏ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် နေထိုင်စားသောက်ရမည့် နည်းစနစ်များ၊ အပူဒဏ်အန္တရာယ်ဖြစ်ပွားခဲ့လျှင် ဆောလျင်စွာဆေးဝါးကုသမှုပေးနိုင်ရေးအတွက် နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်ပြသကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး

**လက်ပံတန်း ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာနေ ပြည်သူများအား အပူဒဏ်ကာကွယ်ရေးနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများနှင့် သတိပြုရမည့်အချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက အရှိန်အဟုန်မြှင့် ကွင်းဆင်းအသိပညာပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ဘီးလင်းတန်းရပ်ကွက် လှည်းလမ်းကူးကျောင်း ဓမ္မာရုံ၌ ဆောင်ရွက်သည်။

လက်ပံတန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ၊ မိခင်နှင့်ကလေးကျန်းမာရေးနယ်မြေများရှိ ရပ်ကွက်ကျေးရွာ ၂၉ ခုတွင် ဒေသခံပြည်သူများအား အပူဒဏ်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အပူဒဏ်အန္တရာယ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေများအလိုက် ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ကာကွယ်ရေးဆိုင်ရာ ဗီနိုင်းပိုစတာများဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘီးလင်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

**ဘီးလင်း ဧပြီ ၉**



မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့်ပညာပေးဟောပြောခြင်းများကို ယနေ့နံနက်ပိုင်းက ဘီးလင်းမြို့နယ် မင်္ဂလာဈေးရှေ့၌ ဈေးသူဈေးသားများ၊ လမ်းသွားလမ်းလာပြည်သူများအား အသိပညာပေး ဆောင်ရွက်သည်။

လက်ကမ်းစာစောင်ဖြန့်ဝေရာတွင် ဘီးလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဘီးလင်း(ပြန်/ဆက်)**

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ



**မုံရွာ မေ ၉**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိလွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူက ပေးပို့လာသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဌာနခုနစ်ခုတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး၊ စီမံကိန်း၊ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ လျှပ်စစ်၊ စွမ်းအင်၊စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သန်းဝင်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင် စုစုပေါင်း တိုင်းဒေသကြီး ဝန်ကြီးခုနစ်ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့လာသည့် တိုင်းရင်းသားလူမျိုးများရေးရာ ကိစ္စရပ်များ ဆောင်ရွက်မည့် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး အဖြစ် ဦးစိန်ဖေနှင့် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး အဖြစ် ဦးငွန်ဘွလ်ထန်တို့အား ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူက ပေးပို့လာသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးလှထွန်း နန်းယွန်းမြို့နယ် မဲဆန္ဒနယ်မြေ(၂) အပါအဝင် အလုပ်အမှုဆောင်ကော်မတီဝင် ငါးဦး ဖွဲ့စည်းထားရှိမှုကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေးသတ္တမနေ့ကို မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



**ထားဝယ် မေ ၉**

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦးရှိသည့်အနက် ၂၈ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအပြည့် ဖြစ်သဖြင့် တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်ပြည်သူများ၏ တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေး ကော်မတီ၊ တိုင်းဒေသကြီး လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ရေးရာကော်မတီ၊ တိုင်းဒေသကြီးလွှတ်တော်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်အကြံပြုရေးအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ဥပဒေ လေ့လာသုံးသပ်ရေးအဖွဲ့တို့၏ အဖွဲ့ဝင်ဦးရေ၊ ကော်မတီနှင့်အဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင် သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ



**နေပြည်တော် မေ ၉**

စွမ်းအင် ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေး၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် စွမ်းအင်အသုံးပြုခြင်းအား အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး၊ စွမ်းအင်ဆိုင်ရာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး ရေတို/ရေရှည်အစီအမံများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ကြည့်ရှု အားပေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မအူပင်(တောင်)ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ် ၁၆၊ ၁၈၊ ၂၀ တို့သို့ သွားရောက်ကြည့်ရှု အားပေးရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးက ရေနံတွင်းများမှ အလွှာလိုက်ဖြစ်နေသော သဘာဝဓာတ်ငွေ့ ခိုအောင်းနေသည့် သဲကြောများအား သုတေသနပြုဆန်းစစ်ပြီးဖောက်ယူခဲ့ရာ လေဆီနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိလာမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ပြည်တွင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ခေတ်မီနည်းပညာများ အသုံးပြုပြီး လုပ်ဆောင်ကြရန် လိုကြောင်း၊ ကုန်းတွင်းရေနံမြေများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ် ၁၈ မှ သဲကြောများအား ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖောက်ယူရာမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁ ဒသမ ၆ သန်းနှင့် လေဆီရှစ်စည်ကိုလည်းကောင်း၊ တွင်းအမှတ် ၂၀ ကို မတ် ၁၅ ရက်တွင် ဖောက်ယူရာမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁ ဒသမ ၅ သန်းနှင့် လေဆီခုနစ်စည်ကိုလည်းကောင်း၊ တွင်းအမှတ် ၁၆ ကို မေ ၃ ရက်တွင် ဖောက်ယူရာမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁ ဒသမ ၆ သန်းနှင့် လေဆီရှစ်စည်ကိုလည်းကောင်း တိုးတက် ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာ ဝန်ထမ်းများအား ကျေးဇူးတင်ဂုဏ်ပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအတွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ထုတ်ယူရရှိနေသည့် ကုန်းတွင်း ရေနံမြေများအနက် မအူပင်(တောင်)ဒေသမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များသည် $C_3$ (ပရိုပိန်း)၊ $C_4$ (ဗျူတိန်း) ပါဝင်မှုများပြားရာ မီးဖိုချောင်သုံး ရေနံဓာတ်ငွေ့ရည်(LPG) နှင့် Naphtha ဓာတ်ဆီတို့ကို ပထမအဆင့်အနေဖြင့် ထုတ်ယူနိုင်ကြောင်း၊ မီးဖိုချောင်သုံးရေနံဓာတ်ငွေ့ရည်(LPG) နှင့် Naphtha ဓာတ်ဆီ ထုတ်ယူထားပြီးသော ဓာတ်ငွေ့များကို ဒုတိယအဆင့်အနေဖြင့် ဓာတ်မြေဩဇာစက်ရုံများ၊ စက်ရုံအလုပ်ရုံများနှင့် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များသို့ ဆက်လက် ဖြန့်ဖြူးပေးနိုင်သည့်အတွက် လွန်စွာတန်ဖိုးရှိသော သဘာဝဓာတ်ငွေ့ ဖြစ်ကြောင်း ပြောကြားပြီး ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်သည်။

လက်ရှိ တိုးတက်ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့များသည် မြန်မာပြည်အောက်ပိုင်း ဒေသရှိ သဘာဝဓာတ်ငွေ့သုံးစွဲမှု ကဏ္ဍတွင် များစွာအထောက်အကူပြုမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့များကို ပိုမိုဖြန့်ဖြူး ပေးနိုင်မည်ဖြစ်ရာ လတ်တလော ဖြစ်ပေါ်နေသည့် စက်သုံးဆီ အကျပ်အတည်းကို အထိုက်အလျောက် လျော့နည်းသက်သာစေမည်ဖြစ်ပြီး ကုန်းတွင်းရေနံမြေအသစ် ထပ်မံရှာဖွေမှု အနေဖြင့် ဆိုက်စမစ်တိုင်းတာမှုများဆောင်ရွက်လျက်ရှိပြီး အစမ်းတွင်းများ တူးဖော်နိုင်ရေးကိုလည်း စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်နှင့် အီရန်တို့အကြား ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိ

**တီဟီရန် မေ ၉**

ဟော်မုဇ်ရေလက်ကြားကို ပြန်ဖွင့်ရန် သမ္မတထရမ့်၏ နောက်ဆုံးသတ်မှတ်ရက်မတိုင်မီ နာရီပိုင်းအလိုတွင် အမေရိကန်နှင့် အီရန်တို့အကြား ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ယမန်နေ့က ရရှိခဲ့သည်။

အစ္စရေးက အီရန်အပေါ် တိုက်ခိုက်မှုများကို ရပ်တန့်ထားကြောင်း ပြောကြားသော်လည်း လက်ဘနွန်ကို လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ပြောကြားသည်။ ဘာရိန်း၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ကူဝိတ်နိုင်ငံအပါအဝင် ပင်လယ်ကွေ့နိုင်ငံများနှင့် အီရန်နိုင်ငံရှိ ရေနံစက်ရုံနေရာများတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း ယမန်နေ့နံနက်ပိုင်းတွင် အီရန်က သတင်းထုတ်ပြန်ခဲ့သည်။

အရှေ့အလယ်ပိုင်း၌ စစ်မက်ဖြစ်ပွားမှု ငါးပတ်တာကာလအတွင်း စီးပွားရေးထိခိုက်မှုများ ရှိခဲ့သော်လည်း အပစ်အခတ်ရပ်စဲရေးကြောင့် ယမန်နေ့နံနက်တွင် ရေနံဈေးနှုန်းကျဆင်းပြီး စတော့ရှယ်ယာတန်ဖိုးများ မြင့်တက်လာခဲ့သည်။

အီရန်၏ ငြိမ်းချမ်းရေး အဆိုပြုချက် ၁၀ ချက်သည် ပိုမိုပြည့်စုံသော အလားအလာရှိသည့် ရေရှည်အပစ်အခတ်ရပ်စဲရေးအတွက် အဓိကဖြစ်သည်။ အဆိုပါကိစ္စရပ်များကို မေ ၁၁ ရက်တွင် စတင်ဆွေးနွေးမည်ဖြစ်ကြောင်း စေ့စပ်ညှိနှိုင်းပေးလျက်ရှိသည့် ပါကစ္စတန်နိုင်ငံက ပြောကြားသည်။

အရှေ့အလယ်ပိုင်းစစ်ပွဲများကြောင့် ၃၄၀၀ ကျော် သေဆုံးခဲ့ရာ လက်ဘနွန်တွင် လူပေါင်း ၁၅၀၀ ကျော် သေဆုံးခဲ့ပြီး အစ္စရေးတွင် ၂၃ ဦး သေဆုံးခဲ့သည်။

အီရန်အာဏာပိုင်များက သေဆုံးသူအရေအတွက်ကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း




အမေရိကန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့ HRANA က အရပ်သား ၁၆၀၀ ကျော်အပါအဝင် စုစုပေါင်း သေဆုံးသူ ၃၄၀၀ နီးပါးရှိကြောင်း ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အမေရိကန် တပ်မတော်သား ၁၅ ဦး သေဆုံးကြောင်း သိရသည်။ **ကိုးကား – အင်န်ဘီစီနယူးစ်**

**ဘာသာပြန် – အောင်ကျော်ကျော်**



# ဂျပန်ဝန်ကြီးချုပ် တာကာချီ ဆာနေးနှင့် အီရန်သမ္မတ မာဆော့ ပါဇက်ရှ် ကီရမ်တို့ တယ်လီဖုန်းဖြင့် ဆွေးနွေး

**တိုကျို မေ ၉**

ဂျပန်ဝန်ကြီးချုပ် တာကာချီ ဆာနေးနှင့် အီရန်သမ္မတ မာဆော့ ပါဇက်ရှ် ကီရမ်တို့က အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများလျော့ကျရန်နှင့်ပတ်သက်ပြီး ယနေ့ ဆွေးနွေးသည်။

ခေါင်းဆောင်နှစ်ဦးက တယ်လီဖုန်းဖြင့် ၂၅ မိနစ်ခန့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဟော်မုဇ်ရေလက်ကြားရှိသင်္ဘောများ ဘေးကင်းစွာ ဖြတ်သန်းသွားလာမှု အပါအဝင် အခြေအနေကို ဖြေလျှော့ရန် အစီအမံများကို အမှန်တကယ် အကောင်အထည် ဖော်နိုင်မည်ဖြစ်ပြီး သံတမန်ရေးအရ နောက်ဆုံး သဘောတူညီချက်ကို မကြာမီ ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ဂျပန်ဝန်ကြီးချုပ် တာကာချီ ဆာနေးက ပြောကြားသည်။

ယာယီအပစ်အခတ်ရပ်စဲရေးကို ထောက်ခံကြိုဆိုကြောင်းနှင့် ဟော်မုဇ်ရေလက်ကြားကို သင်္ဘောများ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်စေရန် ဂျပန်ဝန်ကြီးချုပ် တာကာချီ ဆာနေးက တောင်းဆိုခဲ့သည်။

ဟော်မုဇ်ရေလက်ကြားသည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးနှင့် နိုင်ငံတကာလူထုကောင်းကျိုးအတွက် အဓိကလမ်းကြောင်းဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

ခေါင်းဆောင်များက နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

ဂျပန်အစိုးရက နိုင်ငံတကာအသိုက်အဝန်းနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ကာ သံတမန်ရေးရာကြိုးပမ်းမှုများတွင် ပါဝင်ဆောင်ရွက်နေကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာချီ ဆာနေးက အီရန်သမ္မတနှင့် တွေ့ဆုံပြီးနောက် သတင်းထောက်များအား ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်-အီရန် အပစ်အခတ်ရပ်စဲရေးကို အာရှပစိဖိတ်နိုင်ငံများ ကြိုဆို

**ဗန်ကောက် မေ ၉**

ထိုင်းဒုတိယဝန်ကြီးချုပ် ဆူဖာကျီ ဆူသမ်ပန်က အမေရိကန်နှင့် အီရန်ကြား နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး ကြေညာချက်ကို ကြိုဆိုပြီး အပြုသဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ကြောင်း ယမန်နေ့က ပြောကြားသည်။

ရေနံနှင့် အခြားလိုအပ်သော ထုတ်ကုန်များ လုံလောက်စွာ ထောက်ပံ့မှုရှိစေရန် အရှေ့အလယ်ပိုင်း အခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြည့်နေကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေး၏ ရလဒ်ကြောင့် ရေနံနှင့် အခြားကုန်ပစ္စည်းများထောက်ပံ့မှုကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

အလားတူ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ကလည်း အမေရိကန်–အီရန် အပစ်အခတ်ရပ်စဲရေးကို ထောက်ခံခဲ့သည်။ ယခုကဲ့သို့ အပစ်အခတ်ရပ်စဲရေးရရှိမှုသည် အရှေ့အလယ်ပိုင်း၌ တင်းမာမှုများ လျော့ကျရန် ဘက်ပေါင်းစုံမှ ကူညီထောက်ပံ့ပေးလျက်ရှိသည့် ကမ္ဘာ့နိုင်ငံများ၏ ကြိုးစားမှုတစ်ရပ်အဖြစ် ရှုမြင်ပါကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထို့ပြင် အမြဲတမ်းအပစ်အခတ်ရပ်စဲရေး ရရှိစေရန်အတွက် ကြိုးပမ်းအားထုတ်မှုများကိုလည်း ထောက်ခံကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ မလေးရှားအစိုးရက အပစ်အခတ် ရပ်စဲရေးကို အပြည့်အဝ လေးစားလိုက်နာကြရန် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးနှင့် စွမ်းအင်လုံခြုံရေးကို ထိခိုက်စေနိုင်သည့် ရန်လိုသောလုပ်ရပ်များ သို့မဟုတ် တစ်ဖက်သတ်အစီအမံများကို ရှောင်ရှားကြရန်လည်း နိုင်ငံများကိုတောင်းဆိုထားသည်။

အလားတူ သြစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီစ်က အပစ်အခတ်ရပ်စဲရေးကို ကြိုဆိုပြီး အီရန်အနေဖြင့် ၎င်း၏တောင်းဆိုချက်များကို မလိုက်နာပါက "အီရန် လူ့အဖွဲ့အစည်းတစ်ခုလုံး ဖျက်ဆီးခံရမည်" ဟု သမ္မတ ဒေါ်နယ်ထရမ့်၏ ခြိမ်းခြောက်ပြောကြားချက်အပေါ် ဝေဖန်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂရိနိုင်ငံတွင် အသက် ၁၅ နှစ်အောက် ရှိသူများကို လူမှုမီဒီယာသုံးစွဲခွင့်ပိတ်ပင်မည်

**အေသင် မေ ၉**

ဂရိနိုင်ငံတွင် အသက် ၁၅ နှစ်အောက် ရှိသူများအား ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ လူမှုမီဒီယာသုံးစွဲခွင့် ပိတ်ပင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကီယာကိုစ် မစ်ဆိုတာကီစ်က မေ ၈ ရက်တွင် ပြောကြားသည်။ မိမိအနေဖြင့် မိဘအုပ်ထိန်းသူများနှင့်ကလေးများ ယင်းကိစ္စနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပြီးနောက် ယခုဆုံးဖြတ်ချက်ကို ချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကလေးများ၏ အိပ်ရေးပျက်ခြင်း၊ စိတ်ဖိစီးမှုများရှိခြင်းနှင့် မိုဘိုင်းဖုန်းများအား အလွန်အကျွံသုံးစွဲခြင်းတို့အပေါ် ပူပန်မှုများရှိကြောင်း မိဘအုပ်ထိန်းသူများက ပြောကြားသည်။ ကလေးများသည် မိုဘိုင်းဖုန်းများကို အချိန်ကြာမြင့်စွာ သုံးစွဲခြင်းကြောင့် မှတ်ဉာဏ်များချို့ယွင်းလာသည့်အတွက် ယခုကဲ့သို့ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ လူမှုမီဒီယာပိတ်ပင်မှုဆိုင်ရာ လုပ်ငန်းမူဘောင်ကို ယခုနှစ်နွေရာသီတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်အစပိုင်းတွင် အသက်ဝင်မည်ဖြစ်သည်။

ယခုကဲ့သို့သော ဆောင်ရွက်ချက်ကို ကလေးများက ဆန့်ကျင်မည်ဖြစ်သော်လည်း ကလေးများ၏ အကျိုးအတွက်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန်– စိုးသူရ**

# ထိုင်းနိုင်ငံ၌ ဆုန်ခရန်ပွဲတော်ကျင်းပရေး ဆောင်ရွက်

**ဗန်ကောက် မေ ၉**

ထိုင်းနိုင်ငံ၌ ယခုနှစ် ဆုန်ခရန် ရေသဘင်ပွဲတော်ကို "River of Life,Thai Way of Life " ခေါင်းစဉ်ဖြင့် ကျင်းပနိုင်ရန်အတွက် ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့က စီစဉ်ဆောင်ရွက်နေသည်။ ထိုင်းနိုင်ငံ ဆုန်ခရန်ပွဲတော်ကို နိုင်ငံတကာမျက်နှာစာတွင် မြှင့်တင်ရေး ဆောင်ရွက်ခြင်းဖြစ်သည်။

ဆုန်ခရန်ပွဲတော်ကျင်းပခဲ့သည်မှာ ၁၁ ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်းနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ နိုင်ငံတစ်ဝန်းတွင် ကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆုန်ခရန်ပွဲတော်ကျင်းပရေးနှင့်ပတ်သက်သည့် အစီအစဉ်များကို ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့နှင့် တာဝန်ရှိသူများက မကြာသေးမီအချိန်အတွင်း ကြေညာခဲ့သည်။ ဆုန်ခရန်ပွဲတော်သည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍကို မြှင့်တင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ယင်းပွဲတော်မှတစ်ဆင့် နိုင်ငံ၏ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ပြည်ပခရီးသွားများအား ဆွဲဆောင်ပြသမည်ဖြစ်ပြီး ဗန်ကောက်၊ ချင်းမိုင်၊ လန်ပန်၊ ဖူးခက်၊ ဥဒုန်ဌာနီနှင့် ခုန်ခရန်တို့တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါပွဲတော်တွင် ရိုးရာယဉ်ကျေးမှုအခမ်းအနားများ၊ ဈေးရောင်းခြင်းနှင့် ကုသိုလ်



ကောင်းမှုများဆောင်ရွက်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။ ဆုန်ခရန်ပွဲတော်ကို မေ ၁၁ ရက်မှ ၁၅ ရက်အတွင်း နိုင်ငံအနှံ့အပြားတွင် ရိုးရာယဉ်ကျေးမှုအခမ်းအနားများဖြင့် ကျင်းပမည်ဖြစ်ကာ နိုင်ငံတကာခရီးသွားများအား ဆွဲဆောင်မည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန်– စိုးသူရ**

## (၉-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၄ ~ ၃၆၆၈ | ၅၅၈.၂ ~ ၅၅၈.၄ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၉၁၇,၆၁၆.၀၉ | ၂၈,၄၀၈,၀၈၂.၃၈ | ၃၆,၀၈၆,၃၃၀.၀၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၂,၃၉၅,၀၄၀.၀၁ | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ပိုးသတ်ဆေး၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဟင်းသီးဟင်းရွက်မျိုးစေ့နှင့် စားသုံးကုန်စည်များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စက်သုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ သန်းကို လည်းကောင်း၊ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆ သန်းကို လည်းကောင်း၊ ဗဟိုဘဏ်မှ စားသောက်ကုန်ကဏ္ဍ၊ လယ်ယာသုံးပစ္စည်းကဏ္ဍနှင့် စက်မှုကုန်ကြမ်းကဏ္ဍတို့သို့ ထိုင်းဘတ် ၂ ဒသမ ၄၀ သန်းကို လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဇလွန်မြို့နယ်ရှိ စက်ရုံအလုပ်ရုံနှင့် ကျေးရွာများအား မီးဘေးလုံခြုံရေး အသိပညာပေး

ဇလွန် မေ ၉



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးရန်လင်းထွဋ် ဦးဆောင်မှုဖြင့် ယနေ့မွန်းလွဲပိုင်းက ဇလွန်မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် ကျေးရွာနေအိမ်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အကြံပြုခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇလွန်မြို့နယ် မီးသတ်စခန်းမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးပြည့်စုံအောင် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက စက်ရုံအလုပ်ရုံရှိ ဝန်ထမ်းများအား မီးသတ်ဆေးဘူး လက်တွေ့အသုံးပြုတတ်စေရန် သင်ကြားခဲ့ပြီး တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်



## ကျောင်းကုန်းမြို့ မြို့မဈေးကြီး၌ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျောင်းကုန်း မေ ၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မြို့မဈေးကြီးတွင် ယနေ့မွန်းလွဲပိုင်းက မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်နေရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒေါ်လေးမြမြဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသစ္စာထွန်းနှင့် ဝန်ထမ်းများနှင့် မြို့မဈေးကြီးကြပ်ရေးအဖွဲ့များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## မိတ္ထီလာမြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

မိတ္ထီလာ မေ ၉



မန္တလေးတိုင်းဒေသကြီးမိတ္ထီလာမြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်ထောင်စုများအား ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အထက(၁) ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်း မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ အိမ်ထောင်စုဝင်များထံသို့ ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ တပ်နယ်မှူး ဗိုလ်မှူးကြီးရဲခိုင်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များက ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် မေ ၇ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုကျသည့် အိမ်ထောင်စု နှစ်စု၊ အမိုးလန်ပျက်စီးသည့် အိမ်ထောင်စု ၁၉၈ စု၊ ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် ထိခိုက်ဒဏ်ရာရသူတို့အတွက် ဆန်ဖိုးရိက္ခာ၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ဒဏ်ရာရ ထောက်ပံ့ငွေများအတွက် စုစုပေါင်း ငွေကျပ် ၁၀၁၄၇၃၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



## အောင်လံမြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

အောင်လံ မေ ၉

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အောင်လံမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ဈေးကုန်းရပ်ကွက်သို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရက်(၁၀၀)စီမံချက်အရ အသက် ၁၀ နှစ်နှင့် အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ကြိမ်တစ်ခါမျှ မပြုလုပ်ရသေးသည့် ဒေသခံပြည်သူများကို ဦးစားပေးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ အောင်လံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

## တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး၌ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများဖြင့် လာရောက်ပြသသောလူနာများအား ကုသမှုပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိ

တောင်ငူ မေ ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ပြည်သူများ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများဖြင့် လာရောက်ပြသသောလူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ညောင်ကိုင်းတိုက်နယ်ဆေးရုံတို့တွင် အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါဖြင့် လူနာများရောက်ရှိလာပါက လူနာများလက်ခံကုသပေးနိုင်ရန် ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားရှိခြင်း၊ အရေးပေါ်ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်းလမ်းညွှန်နှင့် အညီဆောင်ရွက်ကုသမှုပေးနိုင်ရေးနှင့် လူနာများအား ကျန်းမာရေးပညာပေးခြင်းအပါအဝင် အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဇော်ကိုကို(တောင်ငူ)

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၉



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System – CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက်မှ မေ ၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၅ ဒသမ ၄၆၂၆ တန်၊ သစ်မာ ၁၈ ဒသမ ၅၇၄၆ တန်၊ အခြား ၁၅ ဒသမ ၄၂၂၈ တန်၊ စုစုပေါင်း ၄၉ ဒသမ ၄၆၀၀ တန်၊ ယာဉ်/ယန္တရား သုံးစီး၊ တရားခံလေးဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# မြစ်ကြီးနားမြို့၌ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် မေ ၉

တပ်မတော် အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှကူညီ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေး အဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံ တိုင်းရင်းသား ပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများ အရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခရမ်းကျောင်းတိုက်၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် ၂၂ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြော ရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါ ရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် မေ ၉

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းအတွက် **မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီး**က ထုတ်ဝေခဲ့သည့် **"နှစ်ငါးဆယ်သယ်ယူပို့ဆောင်ရေး"**စာအုပ်ကို ၂၀၂၆ ခုနှစ် ဧပြီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန် စာအုပ်အသင်းအမှတ် (၅၂၉/ ၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊၃၈၁၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်



## ကွမ်းခြံကုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID(Smart Card)များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် အိမ်ထောင်စုနိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID (Smat Card)ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ယမန်နေ့က ဒရယ်လူးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် ဝန်ထမ်းများက ဒရယ်လူးကျေးရွာတွင် အသက်(၁၀)နှစ်အထက်နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးခြင်းနှင့်UID(Smart Card)မကောက်ရသေးသူများကိုလည်း ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ် နွေရာသီအင်္ဂလိပ်စာသင်တန်းတွင် အချိုရည်နှင့် မုန့်များ လာရောက်လှူဒါန်း

တိုက်ကြီး မေ ၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ လူငယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နွေရာသီအင်္ဂလိပ်စာသင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အချိုရည်နှင့် မုန့်များ လာရောက်လှူဒါန်းသည်။

အဆိုပါသင်တန်းကို မတ် ၂၃ ရက်မှ မေ ၁၀ ရက်အထိ နည်းပြဆရာမ နှစ်ဦးက သင်ကြားပို့ချပေးလျက်ရှိရာ သင်တန်းတက်ရောက်နေသည့် ကျောင်းသား ကျောင်းသူ ၃၀ အား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းတင်စန်းရှိန်နှင့် အဖွဲ့ဝင်များက အချိုရည်နှင့် မုန့်များ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ခွေးရူးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုး ကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့်ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ် ပုံမှန် ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့ မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ်(သို့မဟုတ်)ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင်ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ် အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန (မတ်လ၊ ၂၀၂၆)

## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဧပြီ ၉**

၁၁ – ၄ – ၂၀၂၆ ရက် စနေနေ့တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ(၅၈)၊ အမှတ်(၁၅)တွင် စတုဒိသာအလှူမဏ္ဍပ်တွင် ရန်ဖြစ်၍ ပြစ်ဒဏ်အနေဖြင့် ပန်းကန်ဆေးခဲ့ရသော မှုံကြီးတို့သူငယ်ချင်းတစ်စုအကြောင်းကို သရုပ်ဖော်ထားသည့် "ကုသိုလ်လည်းရ ဝမ်းလည်းဝ"မျက်နှာဖုံးကာတွန်း၊ အဝါရောင်ရှိသော အစားအစာများနှင့် ၎င်းတို့၏အကျိုးသက်ရောက်ပုံများကို ဗဟုသုတရဖွယ်ရေးသားထားသည့် "အဝါရောင်ရှိသော အစားအစာများနဲ့ ဗီတာမင်အေ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို ဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ"ကဏ္ဍ၊ သင်္ကြန်ကာလများတွင် အကြောင်းအမျိုးမျိုးကြောင့် သူတစ်ပါးကို ရေမပက်လိုက်ရ၍ မိမိကိုယ်မိမိ ရေလောင်းချိုးလိုက်သော လင်းသုတအကြောင်းကို သရုပ်ဖော်ထားသည့် "လင်းသုတနဲ့ သင်္ကြန်" နှစ်မျက်နှာကာတွန်း၊ မြန်မာတို့၏ နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို ထိန်းသိမ်းတတ်စေရန် ရေးသားထားသည့် "အတူနွဲပျော် မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော်" ဝတ္ထုကဏ္ဍ၊ ပေးထားသောရုပ်ပုံကို ကလေးတို့စိတ်ကြိုက်အရောင်များဖြင့် ခြယ်သနိုင်မည့် "ဆေးရောင်လှလှ ခြယ်ကြရအောင်" ကဏ္ဍ၊ တန်ခူးလတွင် ဖူးပွင့်ကြသည့်ပန်းများနှင့် သင်္ကြန်ပွဲတော်ဆင်နွှဲကြပုံကို သီကုံးရေးစပ်ထားသည့် ဆရာမြတ်လွမ်းနောင်(ပုတီးကုန်း)၏ "မြန်မာသင်္ကြန်" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

**သတင်းစဉ်**




ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှီးနွယ်ချွန်း ဂျာနယ် ထွက်ရှိ



၁၅-၄-၂၀၂၆ ရက်နေ့ထုတ် အတွဲ (၂၃)၊ အမှတ် (၈) တွင်
- ထူးခြားသော ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံသည့် လမြတ်ကဆုန်
- နှစ်လအတွင်း ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်သန်းကျော်ရရှိ
- လောင်းကစားနှင့်ပတ်သက်၍ ကြော်ငြာနေသော အင်တာနက် ဆယ်လီများကို အရေးယူရန်လို
- ရန်ကုန်တိုင်းဒေသကြီး၌ ရှိဘက်စတာကော်ဖီ ၂၀၃၉၀ ဧက စိုက်ပျိုးမည်
- ဈေးကွက်ကောင်းသည့် ငှက်ပျောစိုက်ပျိုးမှု ပိုမိုများပြားလာ
- တရုတ်နိုင်ငံ ပေကျင်းမြို့သည် လေထုညစ်ညမ်းမှု အများဆုံးလျှော့ချနိုင်သော မြို့ဖြစ်လာ
- ပြီးခဲ့သော ဆယ်စုနှစ်သည် ကမ္ဘာ့အပူချိန်အမြင့်မားဆုံး ဆယ်စုနှစ်ဖြစ်ကြောင်း ကုလသမဂ္ဂ ထုတ်ပြန်
- အုမကြီးကင်ဆာကြောင့် သေဆုံးမှုနှုန်း မြင့်တက်လာ စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၅၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## လင်းခေးမြို့နယ်၌ မိုးကြိုနှင့် မိုးနှမ်းအကွက်ကျယ်စံပြကွက် စိုက်ပျိုးမည့်တောင်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**လင်းခေး ဧပြီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၆-၂၀၂၇ ခုနှစ် လျှပ်စစ်မြစ်ရေတင်ဧရိယာနှင့် ဆိုလာစနစ်ဖြင့်ရေယူ၍ မိုးကြိုနှမ်းအကွက်ကျယ် စံပြကွက်စိုက်ပျိုးမည့် တောင်သူများထံ ပံ့ပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးလှငြိမ်းခိုင်က ထောက်ပံ့ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တာဝန်ရှိသူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုးကြိုနှမ်းစိုက်ပျိုးမည့် တောင်သူ ၄၅ ဦး၊ စိုက်ဧက ၁၀၃ ဧကအတွက် နှမ်းမျိုးစေ့တစ်ဧကလျှင် နှစ်ပြည်နှုန်း၊ ဓာတ်မြေဩဇာအိတ် တစ်ဝက်နှုန်းဖြင့် စုစုပေါင်းနှမ်းမျိုးစေ့ ၂၀၆ ပြည်နှင့် မြေဩဇာ ၅၂ အိတ်တို့ကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**



### ❂ အာဆီယံမှ

ယင်းပြိုင်ပွဲကို ဧပြီ ၁၁ ရက်မှ ၂၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားရှိ Greater Surabaya မြို့တွင် ကျင်းပမည်ဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင် ၁၂ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ တီမော၊ အုပ်စု(B)တွင် ထိုင်း၊ လာအို၊ မြန်မာ၊ ဖိလစ်ပိုင်၊ အုပ်စု(C)တွင် ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်နေကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၁၂ ရက်တွင် လာအိုအသင်း၊ ဧပြီ ၁၅ ရက်တွင် ထိုင်းအသင်း၊ ဧပြီ ၁၈ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၇ အသင်းကို နည်းပြချုပ်အဖြစ် ဦးကျော်ဇေယျက ကိုင်တွယ်နေပြီး မေလတွင်ယှဉ်ပြိုင်ရမည့် အာရှဖလား ယူ-၁၇ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတစ်ခုလည်းဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းသည် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းကတည်းက စခန်းဝင်လေ့ကျင့်ခဲ့ပြီး မတ် ၃၊ ၅ ရက်တို့တွင် အိန္ဒိယ ယူ-၁၇ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

**ကိုညီလေး**

### ❖ သင်္ကြန်ပိတ်ရက်မှ

ရောဝတီတိုင်းဒေသကြီးသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ပြည်တွင်း၊ ပြည်ပ ခရီးသွား ၁၉ သိန်းကျော်၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ခရီးသွား ၁၅ သိန်းကျော်နှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ မတ် ၃၁ ရက်အထိ ပြည်တွင်း၊ ပြည်ပခရီးသွား ၆၉၀၀၀၀ ကျော် ဝင်ရောက်ခဲ့ကာ အထူးသဖြင့် ယခုနှစ်ဆန်းပိုင်း၌ ငွေဆောင်ကမ်းခြေသို့ ခရီးသွား ၂၂၀၀၀၀ ကျော်နှင့် ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေသို့ ခရီးသွား ၁၆၀၀၀၀ ကျော် ဝင်ရောက်ခဲ့ရာ ယခုနှစ်သည် ယမန်နှစ်ထက် ခရီးသွားပိုမိုဝင်ရောက်ဖွယ်ရှိကြောင်း ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများက ခန့်မှန်းထားသည်။

"ယခုလာမယ့် သင်္ကြန်ပိတ်ရက် ပင်လယ်ကမ်းခြေမှာ အပန်းဖြေကြမယ့် ခရီးသွားတွေကို ငွေဆောင်၊ ချောင်းသာ ဟိုတယ်များက အကောင်းဆုံးဝန်ဆောင်မှုတွေနဲ့ စောင့်ဆိုင်းနေကြပါတယ်။ ကျွန်တော်တို့ဌာနကလည်း ကြိုတင်ပြီး ဟိုတယ်တွေကို သင်တန်းတွေပေးထားပြီးပါပြီ။ ပင်လယ်ကမ်းခြေ သန့်ရှင်းသာယာလှပပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် အားလုံးပူးပေါင်းဆောင်ရွက်နေပါတယ်။ သင်္ကြန်ကာလမှာ အပန်းဖြေဖို့အတွက် ဟိုတယ်၊ တည်းခိုခန်း ၇၅ ရာခိုင်နှုန်းနီးပါး ပြည့်နေပါပြီ။ မြန်မာ့နှစ်သစ်ကူးပိတ်ရက် ပင်လယ်ကမ်းခြေမှာ စိတ်အေးချမ်းစွာ အပန်းဖြေအနားယူဖို့နဲ့ သင်္ကြန်ကာလ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ သာကူနဲ့ အခြားသင်္ကြန်အစားအစာ စတုဒိသာများနဲ့ ဧည့်ခံဖို့ ဟိုတယ်နဲ့ တည်းခိုခန်းများက ပြင်ဆင်ထားကြပါတယ်"ဟု ရောဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်သူဦးက ပြောသည်။

ယမန်နှစ် သင်္ကြန်ကာလတွင် ငွေဆောင်၊ ချောင်းသာ၊ ရွှေသောင်ယံနှင့် ဂေါ်ရင်ဂျီကမ်းခြေသို့ အပန်းဖြေခရီးသွားများ စည်ကားစွာဝင်ရောက်ခဲ့ပြီး ယခုနှစ်သင်္ကြန်ကာလတွင်လည်း ပင်လယ်ကမ်းခြေတို့တွင် အပန်းဖြေအနားယူကြမည့် ခရီးသွားများ ဟိုတယ်နှင့်တည်းခိုခန်း ၇၅ ရာခိုင်နှုန်းခန့်ကို ကြိုတင်မှာယူထားပြီးဖြစ်ကြောင်း သိရသည်။ **သတင်းဥဿ၊ ဓာတ်ပုံ-ကိုလွင်**

### ✳ ကျောဖုံးမှ

သို့သော် MNL တွင် ဆက်လက်ယှဉ်ပြိုင်ခွင့်ရသည့် Dagon Port အသင်းသည် အသင်းဖျက်သိမ်းပြီး ပြိုင်ပွဲမှနုတ်ထွက်ရန် တင်ပြခဲ့သဖြင့် ယင်းအသင်းနေရာတွင် အစားထိုးရန် မြန်မာနေရှင်နယ်လိဂ်သည် MNL မှ တန်းဆင်းခဲ့ရသည့် နှစ်သင်း၊ MNL-2 ပြိုင်ပွဲတွင် အဆင့်(၃)ရသည့် ရန်ကုန်စီးတီးအသင်း၊ အဆင့်(၄)ရသည့် တက္ကသိုလ်အသင်းတို့အား Play-off ပြန်ကစားရန် စီစဉ်ခဲ့သော်လည်း ကျန်သုံးသင်းမှာ မကစားလိုသဖြင့် ရန်ကုန်စီးတီးအသင်းက တန်းတက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လာမည့်ရာသီ MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအပါအဝင် ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်၊ အား/ကာသိပ္ပံ၊ ဟံသာဝတီယူနိုက်တက်၊ မဟာယူနိုက်တက်၊ ရတနာပုံ၊ ရောဝတီယူနိုက်တက်၊ သစ္စာအားမာန်၊ Chinland၊ မြဝတီနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်သည် ပြိုင်ပွဲဝင်အသင်းများ ထုတ်ပြန်ထားသော်လည်း ကျင်းပမည့်ရက် ထုတ်ပြန်ခြင်းမရှိသေးဘဲ ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် MNL အမှတ်ပေးပြိုင်ပွဲ (၁၆)ကြိမ်တွင် ရှမ်းယူနိုက်တက်အသင်းက ခုနစ်ကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကာ ရန်ကုန်ယူနိုက်တက်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ် ဗိုလ်စွဲထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်ပိုင်း ရှစ်ရာသီတွင် ခုနစ်ကြိမ်အထိ ဗိုလ်စွဲကာ စံချိန်တင်အောင်မြင်မှုများစွာ ရယူထားသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-စိုးညွှန့်သော်**

### ✳ လက်ရှိချန်ပီယံမှ

ပီအက်စ်ဂျီအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ အစပိုင်းနောက်ပိုင်းကတည်းက ပရီမီယာလိဂ် ကလပ်အသင်းတွေဖြစ်တဲ့ မန်စီးတီးအသင်း၊ အက်စ်တွန်ဗီလာအသင်း၊ အာဆင်နယ်အသင်း (နှစ်ကြိမ်)၊ စပါးအသင်း၊ ချယ်လ်ဆီးအသင်း(နှစ်ကြိမ်)၊ လက်ရှိလီဗာပူးအသင်းနဲ့ နှစ်ကြိမ်တွေ့ဆုံခဲ့တာဖြစ်ပါတယ်။

**နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်**

လီဗာပူးအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ရဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်ကို ဧပြီ ၁၄ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းကတော့ အက်သလက်တီကိုမက်ဒရစ်အသင်းကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၄၄ မိနစ်မှာ ကူဘာစီတိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရလို့ တစ်ယောက်လျော့နဲ့ ကစားခဲ့ရပြီးနောက် ပွဲကစားချိန် ၄၅ မိနစ်မှာ အက်သလက်တီကို မက်ဒရစ်အသင်းက အယ်လ်ဗာရက်ဇ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၇၀ မှာ ဆော်လော့ရဲ့သွင်းဂိုး ထပ်မံရရှိခဲ့လို့ အက်သလက်တီကိုမက်ဒရစ်အသင်းက ဘာစီလိုနာအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်ကိုတော့ ဧပြီ ၁၄ ရက်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားရမှာဖြစ်ပါတယ်။

**ငွေကြယ်**

# နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက်ဦးစီးပဓာနနာယက ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဧပြီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက် ဦးစီးပဓာနနာယက ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ(၇၉ နှစ်၊ ၅၉ ဝါ)မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၉-၄-၂၀၂၆ ) (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီ ၁၉ မိနစ်တွင် ဇေယျာသီရိမြို့နယ် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) ၌ ဇ၆ ပါးသောရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ပါဠိတက္ကသိုလ်မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိဆရာတော်ကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိမဟာထေရ်၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေး တိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ခမည်းတော် ဦးပေါ်အေး+ မယ်တော် ဒေါ်ဖွားရှင်တို့က ၁၃၀၉ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၈ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ရွာရှည်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ မဟာထေရ်အား ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်နှင့် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၈ ခုနှစ် တပို့တွဲလဆန်း ၉ ရက်နေ့တွင် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ကျောင်းတိုက် ခဏ္ဍသိမ်၌ သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်အား ဥပဇ္ဈာယ်ပြုတော်မူလျက် တောင်ကြီးမြို့ မင်္ဂလာဦး ရပ်ကွက်နေ ရဟန်းဒါယကာ ဦးလှဝင်း+ ရဟန်းဒါယိကာမ ဒေါ်လှဝင်း မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ ရွာရှည်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ မိတ္ထီလာမြို့ အသောကာရုံ ရေလည်ကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ လာဘာဝတ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်နာယကချုပ် ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ ရာဇဓမ္မာ ဘိဝံသ၊ ဘဒ္ဒန္တ နာယကာဘိဝံသ အစရှိသော မစိုးရိမ်နာယက ဆရာတော်များ၊ မစိုးရိမ်တိုက်ကြီးမှ စာချနာယကဆရာတော်များ၊ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် အစရှိသော ဆရာတော်များထံ၌ စာပေသင်ယူဆည်းပူး တော်မူခဲ့ပြီး “သာသနဓဇဓမ္မာစရိယ” ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ဒုတိယအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ တတိယအကြိမ် မြို့နယ်သံဃနာယက အကျိုးဆောင်၊ စတုတ္ထအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ပဉ္စမအကြိမ် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အဖြစ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်များ၊ နေပြည်တော် ဓာတုစယဓာတ်ပေါင်းစုစေတီတော် တည်ထားရာ၌ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယအဖြစ် လည်းကောင်း၊ သတ္တသတ္တာဟ စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း၊ ပျဉ်းမနားမြို့ သမိုင်းဝင်ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီးနှင့် ဘုရားကိုးဆူစေတီတော်မြတ်ကြီးတို့၏ ဩဝါဒါစရိယ ဆရာတော် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ နေပြည်တော် ပျဉ်းမနားမြို့၌ ဓမ္မာစရိယ စာဖြေဌာနနှင့် နိကာယ်စာဖြေဌာနများ ဖြစ်ပေါ်လာအောင် တာဝန်ယူဆောင်ရွက်တော်မူခဲ့ပြီး စာမေးပွဲဆိုင်ရာ ကိစ္စများ၌ နိကာယ်စာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန် စာမေးပွဲနှင့် ယဉ်ကျေးမှုစာမေးပွဲများ၏ ဩဝါဒါစရိယဆရာတော် အဖြစ် သာသနာရေးဆိုင်ရာ တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသန ဓုရာဝဟဂုဏ်၊ပရိယတ္တိဆေကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ရတ္တညူ မဟာနာယကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၁၈ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၉ ဝါအရ ၁၃၈၇ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် (၉-၄-၂၀၂၆) ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီ ၁၉ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

# မြောက်ဥက္ကလာပမြို့နယ်၌ စာအောင်သံဃာတော်များ အောင်လက်မှတ်ဆက်ကပ်ခြင်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ပြုလုပ်

**ရန်ကုန် ဧပြီ ၉**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် (င) ရပ်ကွက် သံဃနာယကအဖွဲ့နှင့် မြို့နယ် ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်း (YMBA) တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော ယဉ်ကျေး လိမ္မာသင်တန်းဆင်းပွဲနှင့် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယ ပါဠိ ပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသော (င)ရပ်ကွက်၏ပရိယတ္တိဂုဏ်ဆောင် စာအောင် သံဃာတော်များ အောင်လက်မှတ် ဆက်ကပ်ခြင်း ဂုဏ်ပူဇာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက (င)ရပ်ကွက် ရန်အောင် ကျောင်းတိုက် ဝင်းအတွင်း ဆောင်ရွက်သည်။



အခမ်းအနားတွင် ၂၀၂၅ ခုနှစ် အတွင်း မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်မှ အစိုးရဓမ္မာစရိယ နှင့် ပါဠိပထမပြန်စာမေးပွဲ၊ လင်္ကာဘွဲ့ရ အောင်မြင်တော်မူကြသည့် စာအောင် သံဃာများအား (င)ရပ်ကွက် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြို့နယ် YMBA အသင်းကြီး၏ ဩဝါဒါစရိယ သာသနဓဇ ဓမ္မာစရိယ မင်္ဂလဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဓမ္မ (ခ) ဓမ္မဒီပ-အသျှင်ဉာဏောဒယ၏ စီစဉ်မှုဖြင့် အောင်လက်မှတ်နှင့်ဆုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ဒုတိယအကြိမ် မြောက် ယဉ်ကျေးလိမ္မာ ဗုဒ္ဓဝင်နှင့် ၃၈ ဖြာမင်္ဂလာ သုတဓမ္မ ဒီပလိုမာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား တာဝန်ရှိသူများက အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးမင်းမင်းဦး၊ ခရိုင်/မြို့နယ် YMBA အသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်

**မကွေး ဧပြီ ၉**

ပူပြင်း ခြောက်သွေ့သော ပွင့်လင်းရာသီ ကာလအတွင်း မီးဘေး လုံခြုံရေးအတွက် ရည်ရွယ်၍ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်း သတ်မှုလက်တွေ့ သရုပ်ပြသခြင်းကို ယမန်နေ့နံနက်ပိုင်းက မကွေး တိုင်းဒေသကြီး ပြည်တွင်းအခွန် များဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးမင်းထွန်းက မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာများ၊ လျှပ်စစ်မီးလောင်မှု အကြောင်းနှင့် သဘာဝဘေး အန္တရာယ်များအကြောင်း အသိပညာပေး ပြောကြားသည်။ ထို့နောက် 191 Report Mobile Application အသုံးပြုနည်း၊ ဂက်(စ်)အိုး မီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်ခြင်း၊ Dry Chemical Powder(DCP) မီးသတ်ဆေးဘူးဖြင့် စနစ်တကျလက်တွေ့ မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြခဲ့ပြီး ပြည်တွင်းအခွန်များ ဦးစီးဌာန ဝန်ထမ်းများကိုယ်တိုင် လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၅၅၊ မြေကွက်အမှတ်- ၉၄၈/ခ၊ အကျယ်အဝန်း (၂၀ပေx၆၀ ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၅၅ ရပ်ကွက်၊ နှယ်နီလမ်း၊ အမှတ်- ၉၄၈/ခ ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးသန်းအောင် [၁၂/မဂဒ(နိုင်)၀၉၆၁၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B, LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**အခန်း(၄၀၅)၊ တိုက်(စီ)၊ ၄-လွှာ၊ ရွှေမိုးကောင်းကွန်ဒို၊**
**မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉- ၂၅၀၀၆၀၃၁၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၅)၊ ဥယျာဉ်လမ်း၊ မြေကွက်အမှတ် (၂၅၃)ဟုခေါ်တွင်သော တပ်ခွဲတပ်ကြပ်ကြီး တင်အုန်း (ကပ-၃၃၂၁၇၆) [၁၂/မဘန(နိုင်) ၀၇၄၄၂၀] (PYU-၁၃၆၉၉၂)အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀x၆၀)ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၂၅၄)နှင့်ကပ်လျက် အကျယ်အဝန်း (၂၀x၆၀)ပေရှိ ပါမစ်(မူရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၄-၃-၂၀၂၆)ရက်နေ့တွင် ဦးစိုးမျိုးသူ [၁၂/ဒဂရ(နိုင်) ၀၀၅၅၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ခင်အေး [၁/မကန(နိုင်) ၁၀၉၅၂၆]နှင့် ဒေါ်နွယ်နွယ်ခိုင် [၁၂/လကန(နိုင်) ၃၁၇၅၅၃]တို့မှ အရပ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။ ယခုအခါ အဆိုပါ မြေကွက်အား ပူးတွဲဝယ်ယူခဲ့သူ ဒေါ်ခင်အေးထံသို့ ၎င်း၏ပိုင်ဆိုင်မှုအစုအား ဒေါ်နွယ်နွယ်ခိုင်မှ အပြီးအပြတ်ခွဲဝေပေးပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ဒေါ်နွယ်နွယ်ခိုင်တစ်ဦးတည်းသာ အလုံးစုံပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝတ်ရည်ဖြိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၄၉၉)**
**အမှတ်- ၉၀၇၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၆၂၄၇၉၉၆၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈၉-၂၇)၊ ဦးပိုင်အမှတ် (၅၁)၊ ၅၁x၅၂ ကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ မြေကွက်အား ချထားပေးခြင်းခံရသူ ဦးသိန်းထွန်း [၉/မရတ(နိုင်)၁၀၂၁၃၅]က အမှုတွဲအမှတ် (၀၀၀၉/၂၀၂၆-၂၀၂၇)ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၆၊ မြေကွက်အမှတ်- ၂၀၅၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေ၊ နှစ်(၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ဇာခြည်ထိုက် [၁၂/စခန(နိုင်)၀၅၈၁၉၉]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နန့်သီတာချိုစင် [၁၄/နေဖ(နိုင်)၀၀၀၀၄၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကောင်းမြတ်ဦး (LL.B)** | **ဒေါ်ဇာခြည်ငွေး (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်- ၅၂၈၅)** | **အထက်တန်းရှေ့နေ(စဉ် -၅၂၃၀၉)** |
| **ဖုန်း- ၀၉-၄၂၀၂၁၉၃၁၅** | **ဖုန်း- ၀၉-၆၉၈၃၂၂၇၆၆** |

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉/မွေးမြူရေးဇုန်)၊ ရွှေရင်အေးကျောင်းလမ်း၊ အမှတ်(၇၃-ခ) ဒေါ်သန်းသန်းအေး [၁၂/ဥကတ(နိုင်)၀၂၄၄၃၂] အမည်ပေါက် မှတ်သားတည်ရှိသည့် အကျယ်အဝန်း (၁၀၀)ပေx(၁၁၀)ပေရှိ ပါမစ်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ပေါစိန် [၁၂/မရက(နိုင်)၀၆၇၂၃၁]မှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပြီး မိမိတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးခင်မောင်မြင့် LL.B, D.B.L, D.M.L, D.I.L** | **ဦးကျော်ဝင်းလှိုင် (L.L.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၆၈၃) (၂၈-၆-၁၉၉၁)** | **(စဉ်-၁၇၄၇၇) (၂၁-၁၂-၂၀၂၁)** |
| **၀၉-၄၃၀၃၂၁၈၁** | **၀၉-၄၂၁၀၈၆၁၆၀** |

**အမှတ်(၉)၊ ဂန္ဓမာလမ်း၊ (၅/၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၃-လမ်း၊ အမှတ် (၉၆) ဟု ခေါ်တွင်သော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်အနက်မှ တတိယထပ်၊ (၄-လွှာ)(တိုက်ကိုမျက်နှာမူလျှင်-ညာ) အကျယ်အဝန်း (၁၂႑x၅၀)ပေရှိ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ **ဒေါ်မြင့်မြင့်အေး [၇/ရတရ(နိုင်) ၀၄၃၃၀၂]**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးနေဝင်း [၁၂/သဃက (နိုင်) ၁၅၂၈၀၇]** **နှင့် ဒေါ်သန္တာဦး [၁၀/ပမန(နိုင်) ၀၉၀၆၉၆]**က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၉၂)**
**အမှတ် (၅၈)၊ မြေညီထပ်၊ ဓမ္မာရုံလမ်း၊**
**ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/၉)၊ မြေကွက် အမှတ် (၄၃/၂ - ၁၁)၊ အိမ်နံပါတ် (Lot-11)၊ အကျယ်အဝန်း (၀.၀၄၆)ဧက၊ (၂၀၁၃)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မင်း [၁၂/လသန (နိုင်) ၀၀၆၁၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်အေးကျော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)**
**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉- ၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/၉)၊ မြေကွက်အမှတ်(၄၃/၂ - ၁၀)၊ အိမ်နံပါတ် (Lot-10)၊ အကျယ်အဝန်း (၀.၀၄၁)ဧက၊ (၁၈၀၅)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မင်း [၁၂/လသန (နိုင်) ၀၀၆၁၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ငြိမ်းစုထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)**
**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉- ၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၆၀၁/က၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာ- အမှတ်(၆၀၁/က)၊ ပုဂံ(၂၈)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးတင်ဝင်း [၁၂/စခန(နိုင်) ၀၄၃၈၇၇]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဦးတင်ဝင်းအား တရားပြိုင်ထား၍ တရားလို ဦးလှမိုးမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့်စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၅၉/၂၀၂၅)စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၆၄/၂၀၂၅) အမိန့်တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၆]မှ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်** အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **"နိုင်ငံတော်သမ္မတ"** အဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် "ချယ်ရီရိပ်ဖောင်ဒေးရှင်း" က **အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊** နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချယ်ရီရိပ်ဖောင်ဒေးရှင်း**

## ပျောက်ဆုံးကြောင်း

ဦးစိုးမျိုးအောင် [၁၂/မရက(ပြု)၀၀၀၀၁၀]၏ ကားနံပါတ် AA/5310 ၏ CNG Gas ဝယ်ယူခွင့်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၂၂၉၉၅၅၀၈**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၃-၂၀၂၆ ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၂)ပါ ငြင်းချက်ထုတ်ရန်ဆင့်စာတွင် (တရားမကျင့်ထုံးဥပဒေမအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)အစား (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ခ၊ မြေကွက်အမှတ်- ၁၉၁/ခ၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၁၉၁/ခ)၊ မြရတနာ (၆)လမ်း၊ (ခ)ရပ်ကွက်၊ ဦးသန်း [၁၂/ဥကမ (နိုင်) ၀၂၄၀၃၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးသန်း(ခ) တော်လှီးလျှောင်(ခင်ပွန်း)သည် (၇-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဖြူဖြူဝင်း [၁၂/ဥကမ (နိုင်) ၀၄၂၁၉၃]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၆၄၆၃/၁၈-၁၂- ၂၀၂၅၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ဝင်စာအမှတ်- ၂၂၈၄/၂၆-၂-၂၀၂၆ ရက်စွဲဖြင့် မြေပြင်တွင် (၂ ထပ်တိုက်) ၁ လုံးတွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ- ဒေါ်မိမိစိန် မိသားစု နေထိုင်ခြင်းနှင့်ပတ် သက်၍ တာဝန်ယူပါကြောင်းနှင့် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ- ဒေါ်မိမိစိန်မှလည်း ဒေါ်ဖြူဖြူဝင်းမှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိ သဘောတူပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာပေါ်ပေါက်လာပါက မိမိတို့မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိတို့ ပူးတွဲတင်ပြ၍ ဒေါ်ဖြူဖြူဝင်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "တစ်ဦးတည်းဖြစ်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အ.ထ.က၊ (သုဝဏ္ဏ) (စက်၊ စိုက်၊ မွေး)မှ လက်ထောက်မူလတန်းပြ ဆရာ ဦးမြတ်သူ [၁၂/ဒဂတ (နိုင်) ၀၆၂၃၉၃]၏ ဖခင် ဦးကျော်ညိန်း [၁၂/လကန (နိုင်) ၀၇၂၃၈၇]နှင့် ဦးကျော်ညိမ်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြတ်သူ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၈၀)၊ မြေကွက်အမှတ် (၆၀၄)ဟုခေါ်တွင်သော ဒေါ်သန်းသန်းဌေး (ဘ) ဦးကျော်မြိုင် (SRM-079458) အမည်ပေါက်(၄၀x၆၀)ပေ ကျယ်ဝန်းသည့် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၆၀၃)နှင့် ကပ်လျက် ပေ(၂၀x၆၀)ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသီဟကိုကို (ဘ) ဦးကိုကိုကြီး [၁၃/ကလန(နိုင်)၀၈၄၄၈၀]နှင့် ဒေါ်ဇင်မာဆွေ (ဘ) ဦးမျိုးဆွေ [၇/ကတခ(နိုင်) ၁၁၆၆၀၁]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော် [LL.B(Q),HGP]** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B, HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄) လမ်း၊ အမှတ်(၇၉)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်၊ (ခြေရင်းခန်း) တိုက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ (၁၁.၅x၄၈)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သိန်းသိန်းဝင်း [၁၂/လမန(နိုင်)၀၇၈၆၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစောဇေယျာနိုင် [၁၀/မလမ(နိုင်)၂၁၃၄၅၈]၊ ဒေါ်ဇင်မီလတ် [၅/ဒပယ (နိုင်)၁၂၁၇၇၆]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LLB,DIPL,PGDB)** | **ဒေါ်ယုဇနကို(LLB,PGDB)** |
| **အထက်တန်းရှေ့နေ(စဉ်- ၅၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၂)၊ မြေကွက်အမှတ်(၁၁၄၀)၊ ဦးမြင့်သိန်း(ISN.554105)၊ စာအမှတ်(၃၁၅) အမည်ပေါက် (၄၀x၆၀)ပေ မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေ မြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်ခိုင်သန်းဦးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလွင်မိုးအောင်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလွင်မိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ဣန္ဒာ(၇)လမ်း၊ အမှတ်(၁၁၁၃+၁၁၁၄)ရှိ တိုက်၏ အခန်းအမှတ်(D-5)၊ (ပဉ္စမထပ်)(၆-လွှာ) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးနေမင်းထွန်း [၇/သနပ(ပြု)၀၀၂၄၄၈]မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မန္တူအေး၊ ဦးမင်းဝဏ္ဏကြည်တို့မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မန္တူအေး၊ ဦးမင်းဝဏ္ဏကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းနုစိုး (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၄၂၁)**
**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။**
**၀၉-၄၂၁၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃၊ ၀၉-၈၈၀၁၅၅၅၁၆**

# “ ဂုဏ်ယူဝမ်းမြောက်ခြင်း ”

**ပြည်သူ့ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ခံရသည့်**

**နိုင်ငံတော်သမ္မတကြီး**

**“ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်”**

**နှင့် အစိုးရအဖွဲ့အတွက်**

**အထူးဂုဏ်ယူဝမ်းမြောက်ပြီး နိုင်ငံတော်၏ အနာဂတ်အတွက်**

**အပြည့်အဝ ယုံကြည်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိ ဖြစ်ရပါသည်။**

**သမ္မတကြီးနှင့် အစိုးရအဖွဲ့မှ နိုင်ငံတော်နှင့်ပြည်သူများကို ဦးဆောင်ပြီး**

**ပိုမိုကောင်းမွန်သော ခေတ်သစ် မြန်မာနိုင်ငံတော်ကြီး တည်ဆောက်နိုင်ပါစေကြောင်းနှင့်**

**သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံ့တာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း**

**ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။**

**နာယက**

**ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)**

# “ ဂုဏ်ယူဝမ်းမြောက်ခြင်း ”

ပြည်သူများ လိုလားချက်နှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းခံရသည့်

## နိုင်ငံတော်သမ္မတကြီး

## “ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်”

## နှင့် အစိုးရအဖွဲ့ ကို

လှိုက်လှဲဝမ်းသာစွာ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့အဆင့်မီ ဒီဂျစ်တယ် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန် ပူးပေါင်းပါဝင် ထမ်းရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၅ Esports ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကမ္ဘာ့ဖလား (ရွှေတံဆိပ်ဆု) ရရှိခဲ့သည့် မြန်မာနိုင်ငံ Esports အားကစားအဖွဲ့ချုပ်၊ Esports အသင်းများနှင့် Esports လူငယ်ထုတစ်ရပ်လုံးမှ လေးနက်စွာ ကတိပြုအပ်ပါသည်။

ဦးဆောင်နာယက
